မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်၊ ၂၀၁၁ ခုနှစ်၊ ဧပြီ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၉၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

✻ အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး

✻ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး

✻ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

✻ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး

✻ ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✻ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး

✻ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

✻ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ နိုင်ငံတော်တည်ငြိမ်အေးချမ်းလုံခြုံမှု၏ပြယုဂ်ဖြစ်

ယဉ်ကျေးသိမ်မွေ့ပြီး ကျွမ်းကျင်ဝန်ထမ်းများအဖြစ် လေ့ကျင့်

နေပြည်တော် ဧပြီ ၁၉

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံလုပ်ငန်းဖြစ်ပြီး ၎င်းတို့၏ ဝန်ဆောင်မှုများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းလုံခြုံမှု၏ ပြယုဂ်ဖြစ်သဖြင့် ယဉ်ကျေးသိမ်မွေ့ပြီး ကျွမ်းကျင်သွက်လက်ထက်မြက်သော ဟိုတယ်ဝန်ထမ်းများအဖြစ် လေ့ကျင့်ဆောင်ရွက်ပေးကြရန် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဦးတင့်ဆန်းက ဧပြီ ၁၄ ရက် နံနက် ၇ နာရီတွင် မန္တလေးမြို့သို့ရောက်ရှိစဉ် အင်းဝဟိုတယ်၌ မန္တလေးတိုင်းဒေသကြီး(မန္တလေးဇုန်) ဟိုတယ်ဆိုင်ရာ ခရီးသွားလာရေးလုပ်ငန်းမှ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❒

ဧရာဝတီတံတား(ပခုက္ကူ)ကို အထူးစီမံကိန်းကြီး တည်ဆောက်ရေးအဖွဲ့ (၁)က တာဝန်ယူတည်ဆောက်လျက်ရှိ

ပင်မနှင့် ချဉ်းကပ်တံတားများပြီးစီးပြီဖြစ်၍ သံပေါင်တင်လုပ်ငန်းဆောင်ရွက်နေ (၁)

ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း ပခုက္ကူဘက်ကမ်းတွင် ရေလယ်ကျွန်း၊ ပင်မတံတားနှင့် ချဉ်းကပ်(ကားလမ်း)တံတား၊ ချဉ်းကပ်(ရထားလမ်း)တံတားများ တည်ဆောက်ပြီးစီးနေမှုကို ဤသို့ တွေ့ခဲ့ရသည်။

နေပြည်တော် ဧပြီ ၁၉

သတင်းဆောင်းပါး
ခရမ်းစိုးမြင့်
ဓာတ်ပုံ-ကျော်မိုးလွင်

၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၂ နာရီ။

အညာနွေ၏ နေ့အပူရှိန်က အိုက်စပ်နေသည်။

ထိုအချိန် ဇက်ရေယာဉ်ပေါ်တင်ထားသည့် အမိုးမပါသောကားကလေး၏ ရှေ့ခန်း၌ထိုင်နေသူ ကျွန်တော့်တစ်ကိုယ်လုံးတွင် ချွေးများကန့်နေ၏။

နေရာကား ပုဂံ-ညောင်ဦး-လက်ပန်ခြေပေါ် ဇက်ဆိပ်၊ သွားရမည့်ခရီးကား ပခုက္ကူဘက်ကမ်း၊ ဤခရီးကို ဤနည်းနှင့် သွားခဲ့သည်မှာ ကျွန်တော့်အဖို့ မနှစ်ကတစ်ခေါက်နှင့် သည်နှစ် တစ်ခေါက်၊ ပေါင်းနှစ်ခေါက်သာဖြစ်သော်လည်း ဒေသခံပြည်သူတို့မှာ နှစ်ပေါင်းနှင့် အခေါက်ပေါင်းများခဲ့ပြီဖြစ်သည်။ ဧရာဝတီမြစ်ကို *စာမျက်နှာ ၈ ကော်လံ ၅ သို့* ❖

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဧပြီ ၂၀ ရက်)

ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်

သိပ္ပံနှင့်နည်းပညာရပ်များသည် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်သည် မှန်သော်လည်း နိုင်ငံနှင့်လူမျိုးကို နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာရှိရှိ ရှင်သန်ရပ်တည်နိုင်ရေးအတွက် စွမ်းဆောင်ပေးနိုင်သည့် အဓိကကျသည့် စွမ်းအားတစ်ရပ်သည် အမျိုးသားယဉ်ကျေးမှုစွမ်းအားဖြစ်သည်။

နှစ်ပေါင်းထောင်ချီ၍ ဘိုးဘေးများအလေးထားစောင့်ရှောက်လာခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ်များ အရှည်တည်တံ့ထွန်းကားပြန့်ပွားရန် ဆောင်ရွက်ရေးသည် တိုင်းရင်းသားပြည်သူတိုင်း၏ အမျိုးသားရေးတာဝန်ဖြစ်သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းရာ၌ လူမှုစီးပွားဘဝတိုးမြှင့်ရေးသာမက အမျိုးသားယဉ်ကျေးမှုမြှင့်တင်ရေးကိုလည်း ဟန်ချက်ညီညီဖြစ်ထွန်းရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်ရန် စောင့်ရှောက်ကြရမည်ဖြစ်သည်။ မြန်မာမှုဓလေ့စရိုက်များ၊ မြန်မာ့ရိုးရာတွေးခေါ်မြော်မြင်မှုသဘောတရားများ၊ မြန်မာ့ကျင့်ဝတ်နီတိ အသိအလိမ္မာတရားများ မြန်မာ့လူ့ဘောင်၌ အစဉ်နိုးကြားရှင်သန်နေရန် ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ မပျောက်ပျက်စေရန်နှင့် နိုင်ငံနှင့်လူမျိုးအတွင်း ပျံ့နှံ့တည်ရှိနေစေရန်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ကျင်းပပေးခဲ့ပြီး တစ်ဖက်၌လည်း အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်၊ မန္တလေး)နှင့် အနုပညာအထက်တန်းကျောင်းများ စသော အတတ်ပညာသင်တက္ကသိုလ်နှင့်ကျောင်းများတည်ထောင်ဖွင့်လှစ်ပေးခဲ့သည်။ ရိုးရာယဉ်ကျေးမှုနှင့်အနုပညာများကို မပျောက်ပျက်ရန်၊ မြင့်မားတိုးတက်ရန် ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့် ဓလေ့စရိုက်များကို တစ်မျိုးသားလုံးက တန်ဖိုးထားလေးစားပြီး မတိမ်ကော မပပျောက်စေရန် ထိန်းသိမ်းစောင့်ရှောက်သွားရန်မှာ တိုင်းရင်းသားပြည်သူအားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဓမ္မာရုံပန္နက်တင်မင်္ဂလာ အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၁၉

လပြည့်ဝန်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးသိန်းရွှေ၊ ဇနီး ဒေါ်ခင်သီတာဦး မိသားစုဆောက်လုပ်လှူဒါန်းမည့် ရန်ကုန်မြို့ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ဓမ္မာရုံတည်ဆောက်ရေး ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဧပြီ ၁၀ ရက် နံနက် ၉ နာရီတွင် အဆိုပါဓမ္မာရုံတည်ဆောက်မည့် မြေနေရာ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ အလှူရှင်မိသားစုများက သတ်မှတ်နေရာများ၌ ပန္နက်တင်ပေးကြသည်။ **(သတင်းစဉ်)**

လပြည့်ဝန်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးသိန်းရွှေ၊ ဇနီး ဒေါ်ခင်သီတာဦးတို့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ဓမ္မာရုံတည်ဆောက်ရေး ပန္နက်တင်မင်္ဂလာအခမ်းအနားတွင် သတ်မှတ်နေရာ၌ ပန္နက်တင်ပေးကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၀-၄-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အဂ္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ သံသာချို့အေးမင်္ဂလာတေး
- ၈:၀၀ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၁၀ ၇။ အတီးပြိုင်ပွဲ
- ၈:၂၀ ၈။ **မင်းမသိသေးပါဘူးကွာ**
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၀၅ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၁၀ ၃။ တေးသရုပ်ဖော်အစီအစဉ်
- ၄:၁၅ ၄။ **ဝါသီးကရွှေသီးဖြစ်ပြီ**
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ဥပဒေပညာ၊အရှေ့တိုင်းပညာ၊ဒဿနိကဗေဒ အထူးပြုများ) (ဒဿနိကဗေဒ)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၅ ၇။ သီချင်းကြီးပဒေသာ
- ၅:၂၀ ၈။ တေးဂီတအစီအစဉ်
- ၅:၄၀ ၉။ **ရင်းနှီးစဉ်ဆက် ချစ်ကြည်လျက်**
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ သဘာဝရင်သွေးငယ်များ တေးဂီတအစီအစဉ်
- ၆:၄၅ ၁၃။ ၂၀၁၁ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ ဆွေးနွေးခန်း (ဆေးဝါးယဉ်ပါးမှုအန္တရာယ် ကာကွယ်ဖို့အားလုံးပူးပေါင်း တိုက်ဖျက်စို့)
- ၇:၀၅ ၁၄။ ရွှေရင်ခုန်သံ
- ၇:၄၀ ၁၅။ အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **ပျော်ရွှင်ရင်ခုန်ပြကွက်စုံ**
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၅၀)
- ၂၁။ မြန်မာဗီဒီယိုဇာတ်လမ်း **ကျွန်တော်နဲ့မတော်ဖြစ်လိုက်သော ယောက်ဖများ** လွင်မိုး၊စိုးမြတ်သူဇာ၊ (ဒါရိုက်တာ-မောင်သီ)
- ၂၂။ အစီအစဉ်ပြီး၏။

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှအိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။ မီးသတ်ဦးစီးဌာန

တာလေလျှော်ဘေးဒဏ်သင့် ပြည်သူများအား အလှူငွေနှင့်ပစ္စည်းများလှူဒါန်း

တာလေ ဧပြီ ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့ လျှော်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေနှင့် အလှူပစ္စည်းများပေးအပ်လှူဒါန်းပွဲကို ဧပြီ ၁ ရက် နံနက် ၁၁ နာရီခွဲက ကယ်ဆယ်ရေးစခန်း၌ကျင်းပသည်။

သွားရောက်အားပေး

အခမ်းအနားတွင် အလှူရှင်များက လျှော်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေကျပ် ၂၉ သိန်းနှင့် အလှူပစ္စည်းငွေကျပ် ၁၅ သိန်းဖိုးကို သက်ဆိုင်ရာတာဝန်ရှိသူများအား ပေးအပ်လှူဒါန်းပြီး အခမ်းအနားအပြီးတွင် လျှော်ဒဏ်သင့်ပြည်သူများ၏ နေအိမ်သို့ သွားရောက်အားပေးခဲ့ကြောင်း သိရှိရသည်။ **(ကျိုင်းတုံကိုယ်ပွား)**

အမှိုက်သိမ်းယာဉ်များ ကြံ့ခိုင်မှုရှိရေးနှင့် ပြုပြင်ထိန်းသိမ်းရေး စနစ်တကျဆောင်ရွက်

ရန်ကုန် ဧပြီ ၁၉

အမှိုက်သိမ်းယာဉ်များ လုပ်ငန်းခွင်အတွင်း တွင်ကျယ်စွာ အသုံးပြုနိုင်ရန် အစဉ်ကြံ့ခိုင်မှုရှိရေးအတွက် ပြုပြင်ထိန်းသိမ်းရန်၊ ပြုပြင်ပြီးယာဉ်များ စွမ်းအားပြည့် အသုံးပြုနိုင်ခြင်း ရှိ၊မရှိ စိစစ်ဆောင်ရွက်ရန်နှင့် သိမ်းဆည်းပြီး အမှိုက်များ လွင့်စဉ်မှုမရှိစေရန် စနစ်တကျဆောင်ရွက်ရန် ရန်ကုန်မြို့တော်ဝန်၊ စည်ပင်သာယာရေး ဝန်ကြီးဌာနဝန်ကြီး ဦးလှမြင့်က ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမော်တော်ယာဉ်ဌာနခွဲလုပ်ငန်းများစစ်ဆေးစဉ် တာဝန်ရှိသူများအားမှာကြားပြီး အမှိုက်သိမ်းယာဉ်များအခြေအနေ၊ အကြီးစားပြုပြင်ထိန်းသိမ်းနေမှုနှင့် ရှေ့လျားသန့်စင်ခန်းများကို ကြည့်ရှုစစ်ဆေးကာ အရာထမ်း၊ အမှုထမ်း၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် မြို့တော်ဝန်သည် လှိုင်မြို့နယ် သီရိမင်္ဂလာဈေးအနီး ဘုရင့်နောင်လမ်း ပိတောက်ချောင်းမှ ကမာရွတ်ချောင်းအထိ ကတ္တရာ ကွန်ကရစ်ထပ်ပိုးခင်းနေမှုနှင့် ကွန်ကရစ်လူသွားစင်္ကြံသစ်များ ပြုလုပ်နေမှု၊ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပန်းဆိုးတန်းလမ်းရှိ အထက်ပန်းဆိုးတန်းရေနုတ်မြောင်းတွင် အမှိုက်သရိုက်နှင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှု၊ ဒေါ်သိန်းတင်လမ်းရှိ ရေနုတ်မြောင်းရေစီးရေလာအခြေအနေ၊ ကန်တော်ကလေး အနောက်ရပ်ကွက်ရှိ လမ်း(၉၀)ကို ကွန်ကရစ်လမ်းချောခင်းနေမှုနှင့် အချင်းခြောက်လက်မရှိ စက်ရေတွင်းတူးဖော်နေမှု၊ တာမွေမြို့နယ်ရှိ ကျိုက္ကဆံလမ်းယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရန် ကွန်ကရစ်လမ်းချောခင်းကျင်းပြီးစီးမှုနှင့် နတ်ချောင်းရပ်ကွက်ရှိ မြန်မာ့ဂုဏ်ရောင်လမ်း ကွန်ကရစ်လမ်းချောခင်းနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွယ်လွန်သူ ဦးလှစိန်အား ရည်စူး၍ မြသီတာလမ်း ရွှေပြည်သာမြို့နယ် ရန်ကုန်မြို့နေ ဇနီးဒေါ်ညွန့်ရီ မိသားစုက ဧပြီ ၁၈ ရက်က ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်ကြီးအတွက် အလှူငွေကျပ်၂၅ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးမောင်မောင် လက်ခံစဉ်။
(ဇီဝိတဒါနသံဃာ့ဆေးရုံ)

တောင်သူလယ်သမားများ လူမှုစီးပွားဘဝမြင့်မားရေး
လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်မြင်အောင် ဆောင်ရွက်

နေပြည်တော် ဧပြီ ၁၉

လယ်ယာစိုက်ပျိုးရေး အခြေခံကောင်းသော ကျောက်တော်မြို့နယ်တွင် တောင်သူလယ်သမားများ သက်သာချောင်ချိရေး၊ လူမှုဘဝ အဆင့်အတန်း မြင့်မားရေး၊ အထွက်နှုန်း ကောင်းမွန်ရေး၊ မျိုးသန့်မျိုးကောင်းများ ဖြစ်ထွန်းလာရေးတို့အတွက် အားလုံးစုပေါင်းပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးအောင်မြင်အောင် ဆောင်ရွက်သွားကြရန်နှင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲလုပ်ကိုင်သွားကြရန် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်က ဧပြီ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ကျောက်တော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ကစ္ဆပနဒီခန်းမ၌ ကျင်းပသည့် ဆန်စပါးလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများနှင့် တွေ့ဆုံပွဲတွင် မှာကြားသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲတွင် ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သီဟက မြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များနှင့် မြို့နယ်ဆန်စပါးလုပ်ငန်းရှင်အသင်း အတွင်းရေးမှူး ဦးမောင်ကြီးက ဆန်စပါးကြိတ်ခွဲ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် ညနေ ၃ နာရီတွင် ကျောက်တော်မြို့နယ် ဒေါင်းတော်ယိုးကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ဒေါင်းတော်ယိုးစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်မှ တာဝန်ရှိသူများ၊ အသင်းသားများ၊ တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ အသင်းသားလယ်သမားများ၏ လူမှုဘဝ အဆင့်အတန်း မြင့်မားလာရေးအတွက် အဆင့်မြင့်စံပြလယ်ယာဖြင့် ပြုပြင်ပြောင်းလဲနိုင်ရေးကို ပေါင်းစပ်ညှိနှိုင်း ကြိုးပမ်း လုပ်ဆောင်သွားကြရန် မှာကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကျောက်ကြီးမြို့ အထက မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁၉

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၂၅ ရက်(တနင်္လာနေ့) နံနက် ၉ နာရီတွင် ကျောက်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပမည်ဖြစ်သည်။ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ စုံညီစွာ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

အလှူငွေများ ထည့်ဝင်လိုပါက ဗိုလ်မှူးကြီးမြင့်အုန်း(ငြိမ်း) ဖုန်း-၀၉-၅၁၇၁၈၉၄၊ ဒေါ်ခင်ယုံ ဖုန်း-၀၉-၈၀၂၁၅၅၄၊ ဦးညွန့်ရွှေ ဖုန်း-၀၁-၅၀၅၉၈၀၊ ဦးသန်းဝင်း ဖုန်း-၀၉-၅၀၈၅၉၀၅ နှင့် ဦးဝင်းနိုင်(ကျောက်ကြီး) ဖုန်း-၀၅၄-၄၉၀၄၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက်ပိုင်းဒေသများ နေ့အပူချိန်လျော့နိုင်

နေပြည်တော် ဧပြီ ၁၉

ယနေ့နံနက် ၉ နာရီခွဲမိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှ အပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဧပြီ ၂၀ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီ ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

နေပြည်တော် ဧပြီ ၁၉

ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ် ဗုဒ္ဓပူဇနိယပွဲတော်နှင့် (၅၇)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဧပြီ ၁၈ ရက် ညနေ ၄ နာရီတွင် စေတီတော်အနောက်ဘက်မုခ် အာရုံခံတန်ဆောင်း၌ ကျင်းပရာ ပဲခူးမြို့ပေါ်ရှိ စာသင်တိုက်အသီးသီးမှ ပင့်သံဃာတော် အပါး ၅၀၀ ကျော်အား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းတင့်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက ငွေကျပ်သိန်း ၅၀၀ ကျော်တန်ဖိုးရှိ ဝတ္ထုငွေနှင့်လှူဖွယ်ပစ္စည်းများကို လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ညောင်တုန်းမြို့နယ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲ ကျင်းပပြီးစီး ယိမ်းအကပြိုင်ပွဲဝင်များအား ဆုများပေးအပ်ချီးမြှင့်

ညောင်တုန်း ဧပြီ ၁၉

ညောင်တုန်းမြို့နယ် ၁၃၇၂ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန် ဖွင့်ပွဲကို သင်္ကြန်အကြိုနေ့ ဧပြီ ၁၃ ရက် ညနေ ၅ နာရီက ကျင်းပရာ ညောင်တုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အိအိခိုင်၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဦးညွန့်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး မဟာသင်္ကြန်ပိတ်ပွဲအခမ်းအနားနှင့် ယိမ်းအကပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၁၆ ရက် မဟာသင်္ကြန်အတက်နေ့ ည ၇ နာရီက ကျင်းပခဲ့သည်။

ပေးအပ်ချီးမြှင့်

ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ညောင်တုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်ဝင်း၊ မြို့နယ်စီမံကိန်း ဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုမောင်နှင့် တာဝန်ရှိသူများက ပထမဆုရ အမှတ်(၁၀)ရပ်ကွက် ယိမ်းအဖွဲ့ **(အောက်ပုံ)**၊ ဒုတိယဆုရ အမှတ် (၂) ရပ်ကွက်ယိမ်းအဖွဲ့၊ တတိယဆုရ အမှတ်(၉) ရပ်ကွက် ယိမ်းအဖွဲ့နှင့် နှစ်သိမ့်ဆုရယိမ်းအဖွဲ့ ခုနစ်ဖွဲ့တို့အား ဆုများပေးအပ်ချီးမြှင့်ပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အိအိခိုင်က သင်္ကြန်မယ်ဆုရ အမှတ်(၆)ရပ်ကွက်မှ သင်္ကြန်မယ်အား သင်္ကြန်မယ်ဆု ပေးအပ်ချီးမြှင့်ခဲ့သည်။ **(အောက်ဝဲပုံ)**

မြန်မာနှစ်ဆန်းတစ်ရက် နံနက် ၇ နာရီတွင် ညောင်တုန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ သက်ကြီးပူဇော်ပွဲကျင်းပရာ တာဝန်ရှိသူများက ရပ်ကွက်အသီးသီးမှ သက်ကြီးဘိုးဘွား ၅၀ တို့အား တစ်ဦးလျှင် ငွေကျပ် တစ်သောင်းစီနှင့် ဆေးဝါးပစ္စည်း ပေးအပ်လှူဒါန်းခဲ့သည့်အပြင် နံနက် ၈ နာရီတွင် ပန်းလှိုင်မြစ်အတွင်းသို့ ငါးကောင်ရေ ၂၅၀၀၀ကို ဘေးမဲ့လွှတ်ခဲ့ကြောင်း သိရှိရသည်။ **(၀၈၂)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)

၂၁-၄-၂၀၁၁

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် (ဝဋ္ဋသုတ်နှင့် ဂုဏ်တော်ကွန်ချာ)
၇း၂၀	ဓမ္မပူဇာတေးပဒေသာ
၇း၂၅	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၂၀	လောကနီတိအသိရှိစေဖို့ (ဖွဲ့ကိုထောင်းလို့ ဆန်ကောင်းမရ)
၈း၂၅	တေးပဒေသာ
၁၀း၀၀	မင်္ဂလာလက်ဆောင်
၁၀း၂၀	သတင်းစာအာဘော်
၁၀း၂၅	တေးပဒေသာ
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅	ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (ပိုင်သက်ကျော်)
၁၁း၄၅	သိပ္ပံပညာသိကောင်းစရာ (သိပ္ပံသတင်းအတိုအထွာ-၁၉)
၁၁း၅၅	တေးသီချင်း
၁၂း၀၀	စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ
၁၂း၂၀	ယဉ်ကျေးမှုအနုပညာ (ဆင်စွယ်ပန်းပုလုပ်ငန်း)
၁၂း၃၀	တေးပဒေသာ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	တေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက်
၁၆း၁၀	ညနေခင်းတေးပဒေသာ
၁၆း၃၀	အမှတ်တရတေးလက်ဆောင်
၁၇း၁၀	ဘဝတစ်ကွေ့အတွေ့အကြုံ (ဘဝအလင်း) တေးပဒေသာ
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	ရေဒီယိုဇာတ်လမ်းတွဲ **သက်တံ့သီချင်း၊ လမင်းညည်းဆို** (အပိုင်း-၁)
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	ညနေခင်းတေးပဒေသာ
၁၈း၂၅	ကျေးလက်ဇာတ်လမ်း **(ဒိုင်ယာရီ)**
၁၈း၄၅	ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၀၅	ညချမ်းချိန်ခါတေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉း၃၀	သုတစုံကြွယ်သိစေဖွယ် (သစ်ခွပွင့်ဝေ ကမ္ဘာ့မြေ)
၁၉း၄၀	ရေဒီယိုအတိုတ်တေးအရိပ်
၂၀း၀၀	ပြည်တွင်းသတင်း
၂၀း၂၀	ချမ်းမြေ့သာယာသီရိဂေဟာ (ရတုအဆက်ဆက်)
၂၀း၅၀	သူ့လက်သံ-ပါရမီရှန်း (မန္တလေး-မြို့မ)ရဲ့ စန္ဒရားလက်သံ စီးပွားရေးဦးတည်ချက်
၂၁း၀၀	ဆောင်းပါး (ခန္တီပါရမီ)
၂၁း၀၅	ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀	အစီအစဉ်ပြီး၏။

တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ နှိုးဆော်ချက်

ရာသီအကူးအပြောင်းကာလများနှင့် ရာသီဥတုပူပြင်းလွန်း၊ အေးလွန်းသောကာလများတွင် တိရစ္ဆာန်များ၌ ကိုယ်ခံစွမ်းအားကျဆင်း၍ ရောဂါဖြစ်ပွားလေ့ရှိပါသည်။ တိရစ္ဆာန်များတွင် ကူးစက်ရောဂါမဖြစ်ပွားရေးအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဆက်သွယ်၍ ကာကွယ်ဆေးများကို ကြိုတင်ထိုးထားရန်နှင့် ကူးစက်ရောဂါဖြစ်ပွားပါက အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

၁။ တိရစ္ဆာန်တွင် ကူးစက်ရောဂါဖြစ်ပွားလျှင်ဖြစ်စေ၊ ကူးစက်ရောဂါဖြစ်သည်ဟု မသင်္ကာလျှင်ဖြစ်စေ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာအာဏာပိုင်သို့ အမြန်အကြောင်းကြားပါ။

၂။ ကူးစက်ရောဂါဖြစ်ပွားသော တိရစ္ဆာန်နှင့် အတူနေတိရစ္ဆာန်ကို သီးသန့်ခွဲခြားထားပါ။ ရောင်းချခြင်း၊ အခြားနေရာသို့ သယ်ဆောင်ခြင်းမပြုရ။

၃။ ကူးစက်ရောဂါဖြင့်သေဆုံးသော တိရစ္ဆာန်နှင့် အစိတ်အပိုင်း တစ်စုံတစ်ရာကို သယ်ဆောင်ခြင်း၊ လှီးဖြတ်ခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရ။

၄။ ကူးစက်ရောဂါဖြင့် သေဆုံးသော တိရစ္ဆာန်နှင့် အညစ်အကြေးများ၊ စားကြွင်းစားကျန်များ အသုံးအဆောင်ပစ္စည်းများကို မြေမြှုပ်မီးရှို့၍ ဖျက်ဆီးပါ။ ရေမျှောခြင်း၊ မြစ်ချောင်းနှင့် ရေတွင်းရေကန်အနီး မြေမြှုပ်ခြင်းမပြုရ။ ပြန်လည်အသုံးပြု၍ရသော အသုံးအဆောင်ပစ္စည်းများကို ပိုးသတ်သန့်စင်ပြီးမှ ထပ်မံအသုံးပြုပါ။

၅။ ကူးစက်ရောဂါဖြစ်ပွားသောခြံကို သန့်ရှင်းခြင်းနှင့် မွေးမြူရေးလုပ်ငန်းသုံး ပိုးသတ်ဆေးဖျန်းခြင်းဆောင်ရွက်ပါ။

၆။ ပတ်ဝန်းကျင်ရှိ မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို မြှင့်တင်ပါ။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

နိုင်ငံတကာသတင်းများ

အာဖဂန်၌ အီရန်အင်ဂျင်နီယာများ ဖမ်းဆီးခံရ

ဟီရက် ဧပြီ ၁၉

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့အနောက်ဘက် ၆၉၅ ကီလိုမီတာအကွာရှိ ဖာရက်ပြည်နယ်တွင် ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှ အီရန်နိုင်ငံသား အင်ဂျင်နီယာ ၁၂ ဦးအား အမည်မသိ လက်နက်ကိုင်အကြမ်းဖက်သမားများက ဧပြီ ၁၈ ရက်က ဖမ်းဆီးသွားခဲ့ကြောင်း အာဖဂန်နစ္စတန်အရာရှိများက ဧပြီ ၁၉ ရက်၌ ပြောကြားသည်။

ကားလမ်းဖောက်

ဖမ်းဆီးခံရသူများမှာ ရှစ်ခို့ရှ်ခရိုင်အတွင်းရှိ ဆောက်လုပ်ရေး ကုမ္ပဏီမှဖြစ်ပြီး ယင်းနေ့ နံနက်ပိုင်းက ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ ၄င်းတို့သည် အီရန်နှင့် နယ်နိမိတ်ထိစပ်နေသော ဖာရက်ပြည်နယ်အတွင်း ကားလမ်းဖောက်လုပ်ရေးလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေကြသူများ ဖြစ်သည်။

အီရန်အင်ဂျင်နီယာများ ဖမ်းဆီးခံရမှုနှင့် ပတ်သက်ပြီး အာဖဂန်နစ္စတန်အာဏာပိုင်များက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ ကဘူးလ်မြို့ရှိ အီရန်သံရုံးက ယင်းကိစ္စနှင့် ပတ်သက်ပြီး သတင်းထပ်မံ မရရှိသေးကြောင်း ပြောကြားသည်။ **(အင်တာနက်)**

ရေနံစိမ်းစည် ငါးသန်း ဂျပန်သို့ ကူဝိတ်လှူဒါန်းမည်

ကူဝိတ်စီးတီး ဧပြီ ၁၉

ငလျင်နှင့် ဆူနာမီဘေးဒဏ်ကြုံတွေ့ခံစားခဲ့ရသော ဂျပန်နိုင်ငံအတွက် ကူဝိတ်နိုင်ငံက ရေနံစိမ်းစည်ပေါင်း ငါးသန်းနှင့် ရေနံထုတ်ကုန်များကို ပေးပို့လှူဒါန်းရန် ကူဝိတ်အစိုးရက ဧပြီ ၁၈ ရက်၌ ဆုံးဖြတ်လိုက်ကြောင်း ကူဝိတ်ရေနံလုပ်ငန်းဝန်ကြီး အယ်ဆာဘတ်က ဧပြီ ၁၉ ရက်၌ ပြောကြားသည်။

ကူဝိတ်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် အာရှစွမ်းအင်ဝန်ကြီးများ အစည်းအဝေး၌ ၄င်းက ထုတ်ဖော်ပြောကြားလိုက်ခြင်းဖြစ်သည်။

ကူဝိတ်နိုင်ငံသည် ရေနံရောင်းနိုင်ငံများအဖွဲ့ (အိုပက်)တွင် စတုတ္ထမြောက် ရေနံအများဆုံးထုတ်လုပ်သောအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ကမ္ဘာ့ရေနံသိုက် ပမာဏ၏ ၁၀ ရာခိုင်နှုန်းခန့်ကို ပိုင်ဆိုင်ထားသည့် နိုင်ငံလည်း ဖြစ်သည်။ **(အင်တာနက်)**

ဂျွန်အက်ဖ်ကနေဒီ နိုင်ငံတကာလေဆိပ်၌ ကိုမိုင်ရာလေကြောင်းမှ ခရီးသည်တင်လေယာဉ်အမြီးပိုင်းနှင့် တိုက်မှုဖြစ်ပွားခဲ့သည့် အဲဘတ်အေ-၃၈၀ အမျိုးအစား ခရီးသည်တင်လေယာဉ်၏ ပျက်စီးသွားသော လေယာဉ်တောင်ပံကို ဤသို့ တွေ့ရသည်။
(အင်တာနက်-ဓာတ်ပုံ)

အမေရိကန်ရှိ ကနေဒီလေဆိပ်၌ ခရီးသည်တင်လေယာဉ်နှစ်စင်း တိုက်မိ

နယူးယောက် ဧပြီ ၁၉

အမေရိကန်နိုင်ငံ ဂျွန်အက်ဖ်ကနေဒီ နိုင်ငံတကာလေဆိပ်တွင် ဧပြီ ၁၈ ရက် ညပိုင်းက ပြင်သစ်နိုင်ငံသို့ ပျံသန်းထွက်ခွာမည့် အဲဘတ်အေ-၃၈၀ အမျိုးအစား ခရီးသည်တင်လေယာဉ်ကြီးသည် လေဆိပ်မှ ပျံတက်ရန် လေယာဉ်ပြေးလမ်းသို့မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ လေဆိပ်ရှိ အခြားလေယာဉ်တစ်စင်း၏ အမြီးပိုင်းနှင့် တိုက်မှုဖြစ်ပွားခဲ့ကြောင်း လေဆိပ်အရာရှိများက ဧပြီ ၁၉ ရက်၌ ပြောကြားသည်။

ထိခိုက်ပျက်စီး

အတိုက်ခံရသည့်လေယာဉ်မှာ ဘော်စတွန်မြို့မှ ပျံသန်းလာပြီး ဂျွန်အက်ဖ်ကနေဒီလေဆိပ်သို့ဆင်းသက်ကာ ရပ်နားရန်ပြင်ဆင်နေသော ကိုမိုင်ရာ လေကြောင်းမှ ခရီးသည်တင် အမှတ် ၆၂၉၃ လေယာဉ်ဖြစ်သည်။ ထိုသို့ လေယာဉ်နှစ်စင်းတိုက်မိမှုကြောင့် နှစ်စင်းစလုံး ထိခိုက်ပျက်စီးမှုရှိခဲ့ကြောင်း၊ သို့သော် ခရီးသည်များ ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

လေယာဉ်နှစ်စင်း မတော်တဆ တိုက်မှုဖြစ်ပွားချိန်မှာ ဧပြီ ၁၈ ရက် ဒေသစံတော်ချိန် ည ၈ နာရီ ၉ မိနစ်ခန့်ကဖြစ်ကြောင်း၊ ဂျွန်အက်ဖ်ကနေဒီလေဆိပ်တွင် ဖြစ်ပွားသည့် ထူးခြားသောမတော်တဆ ဖြစ်ရပ်ပင်ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု မြို့ပြလေကြောင်း အုပ်ချုပ်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဂျမ်ပီတာက ပြောကြားသည်။

အဲဘတ်အေ-၃၈၀ ခရီးသည်တင် လေယာဉ်ပေါ်၌ ခရီးသည် မည်မျှတင်ဆောင်ထားသည်ကို အတိအကျမသိသော်လည်း ကိုမိုင်ရာလေကြောင်းမှ လေယာဉ်ပေါ်တွင် ခရီးသည် ၆၂ ဦးနှင့် လေယာဉ်အမှုထမ်းလေးဦး တင်ဆောင်ထားကြောင်း၊ ထိုဖြစ်ရပ်ဖြစ်ပြီးနောက် လေယာဉ်နှစ်စင်းမှ ခရီးသည်အားလုံးအား လေဆိပ်နားနေဆောင်အတွင်းသို့ အရေးပေါ်ရွှေ့ပြောင်းပေးကာ လေယာဉ်များကို စစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

ပြည်ပသို့ သွားရောက်ပညာဆည်းပူးသည့် တရုတ်ကျောင်းသားဦးရေ ကမ္ဘာပေါ်တွင်အများဆုံးဖြစ်

ပေကျင်း ဧပြီ ၁၉

တရုတ်နိုင်ငံမှ ပြည်ပနိုင်ငံများသို့ ပညာသွားရောက် လေ့လာဆည်းပူးနေသော ကျောင်းသားကျောင်းသူဦးရေမှာ ၂၀၁၀ ခုနှစ်ကုန်၌ ၁ ဒသမ ၂၇ သန်း အထိရှိခဲ့ရာ ကမ္ဘာပေါ်တွင် အများဆုံးဖြစ်ကြောင်း၊ ၂၀၀၉ ခုနှစ်ကထက် ပိုမိုများပြားလာခဲ့ကြောင်း တရုတ်နိုင်ငံပညာရေးဝန်ကြီးဌာနက ဧပြီ ၁၉ ရက်၌ ထုတ်ပြန်သော စာရင်းဇယားများ၌ ဖော်ပြသည်။

တိုးမြင့်ခဲ့

အဆိုပါ ကျောင်းသား ကျောင်းသူဦးရေသည် ၂၀၀၉ ခုနှစ်ကထက် ၂၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ပြည်ပသို့ ပညာသင်သွားရောက်သည့် ကျောင်းသားသစ်ဦးရေမှာ ၂၈၅၀၀၀ အထိ တိုးမြင့်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ဖော်ပြထား

ပြည်ပသို့ ပညာသင်သွားရောက်ရာတွင် အမေရိကန်၊ ဩစတြေးလျ၊ ဂျပန်၊ ဗြိတိန်၊ တောင်ကိုရီးယား၊ ကနေဒါ၊ စင်ကာပူ၊ ပြင်သစ်၊ ဂျာမနီနှင့်ရုရှားနိုင်ငံများသို့ အများဆုံးဦးစားပေး ရွေးချယ်သွားရောက်ကြကြောင်း၊ အခြားနိုင်ငံများသို့ ၁၀ ရာခိုင်နှုန်းခန့်သာ သွားရောက်ကြကြောင်း ယင်းစာရင်းဇယားများတွင် ဆက်လက်ဖော်ပြထားသည်။

ဦးစားပေး

အမေရိကန်နိုင်ငံရှိ ဒါဇင်ပေါင်းများစွာသော ကောလိပ်နှင့် တက္ကသိုလ်များသို့ တရုတ်ကျောင်းသားကျောင်းသူများ ဦးစားပေး ရွေးချယ်၍ သွားရောက် ပညာဆည်းပူးကြကြောင်း သိရသည်။ **(အင်တာနက်)**

မြန်မာ့အလင်း **နောက်ဆုံးရ နိုင်ငံတကာသတင်း**

❖❖ မိုးမြင့်လင်းလက် ➤ စုစည်းသည် ❖❖

နျူကလီးယားထိပ်ဖူးတပ်ဒုံးကျည် ပါကစ္စတန် စမ်းသပ်ပစ်လွှတ်

အစ္စလမ္မာဘတ် ဧပြီ ၁၉

ပါကစ္စတန်နိုင်ငံက နျူကလီးယား ထိပ်ဖူးတပ် တာတိုပစ်ဒုံးကျည်တစ်စင်းကို ဧပြီ ၁၉ ရက် နံနက်ပိုင်းက အောင်မြင်စွာစမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်က ပြောကြားသည်။

ဟက်ဖ်-၉ (ယာပုံ)ဟု အမည်ပေးထားသော မြေပြင်မှ မြေပြင်ပစ် ၄င်းဒုံးကျည်ကို ပါကစ္စတန်နိုင်ငံ၏စစ်လက်နက်များ စွမ်းအားမြှင့်မားရေးအတွက် နည်းပညာသစ်များဖြင့် ထပ်မံဖြည့်ဆည်း ထုတ်လုပ်ထားခြင်းဖြစ်သည်။

ထည့်သွင်းထား

ယင်းဒုံးကျည်သည် နျူကလီးယားထိပ်ဖူးကို သယ်ဆောင်ကာ ပစ်မှတ်ကို တိကျမှန်ကန်စွာ ပစ်ခတ်နိုင်ခဲ့ကြောင်း၊ ခြိမ်းခြောက်မှုအသစ်များအား ဟန့်တားနိုင်ရန်အတွက် လျင်မြန်စွာ တုံ့ပြန်နိုင်သည့်နည်းစနစ်များကို ၄င်းဒုံးကျည်၌ ထည့်သွင်းထားကြောင်း ပါကစ္စတန်စစ်ဘက်က ဖြည့်စွက်ပြောကြားသည်။ (အင်တာနက်)

မူးယစ်ဆေးဝါးသယ်ဆောင်သည့်ရေယာဉ် ပနားမားရေပိုင်နက်၌ ဖမ်းမိ

ပနားမားစီးတီး ဧပြီ ၁၉

ပနားမားနိုင်ငံ ကိုလုန်ပြည်နယ်ရှိ နာရန်ဂျိုကျွန်းကမ်းလွန်တွင် ဧပြီ ၁၈ ရက်က မူးယစ်ဆေးဝါး ၃၉၅ ကီလိုဂရမ် သယ်ဆောင်လာသော အမြန်ရေယာဉ်ကို ပနားမားလုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့ကြောင်း ပနားမားအရာရှိများက ဧပြီ ၁၉ ရက်၌ ပြောကြားသည်။ (ဝဲပုံ)

ပနားမားရေတပ် လုံခြုံရေးကင်းလှည့်ရေယာဉ်က သိမ်းဆည်းရမိခဲ့သော ယင်းအမြန်ရေယာဉ်သည် မူးယစ်ဆေးဝါး မှောင်ခိုသယ်ဆောင်မှုလုပ်ငန်းနှင့် ဆက်စပ်နေကြောင်း ၄င်းတို့က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

ဖမ်းဆီးရမိ

ယင်းအမြန်ရေယာဉ်ကို စစ်ဆေးရန် ချဉ်းကပ်သွားသည့်အခါ အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီးနောက် ၄င်းအမြန်ရေယာဉ်ပေါ်မှ ကိုလံဘီယာနိုင်ငံသားတစ်ဦးနှင့် ပနားမားနိုင်ငံသားတစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့သည်။ (အင်တာနက်)

တူရကီ၌ သိုလှောင်ရုံမီးလောင် ငါးဦးသေဆုံး၊ အချို့ဒဏ်ရာရ

အစ္စတန်ဘူလ် ဧပြီ ၁၉

တူရကီနိုင်ငံ အီဇမီရာမြို့တွင် ဧပြီ ၁၈ ရက်က ကုန်ပစ္စည်းသိုလှောင်ရုံတစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ရာ ငါးဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့ကြောင်း၊ သေဆုံးသူများတွင် မီးသတ်တပ်ဖွဲ့ဝင် တစ်ဦးလည်းပါဝင်ကြောင်း တူရကီရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။

ပြင်းထန်ခဲ့

ယင်းသိုလှောင်ရုံ မီးလောင်မှုဖြစ်ပွားပြီးနောက် သိုလှောင်ရုံ အနောက်ဘက်တွင်ထားရှိသော ဓာတ်ငွေ့အိုးများလည်း ပေါက်ကွဲခဲ့ရာမှ မီးလောင်မှုပြင်းထန်ခဲ့ခြင်း ဖြစ်သည်။

သေဆုံးခဲ့

မီးလောင်မှုပြင်းထန်သဖြင့် အနီးဝန်းကျင်ရှိ နေအိမ်အဆောက်အအုံများနှင့် မော်တော်ယာဉ်များပါ ကူးစက်မီးလောင်ခဲ့သည်။ မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးမှာ မီးငြိမ်းသတ်ရေးကြိုးစားစဉ် သိုလှောင်ရုံခေါင်မိုးပေါ်မှ ပြုတ်ကျခဲ့သဖြင့် သေဆုံးခဲ့ရသည်။

စစ်ဆေး

အခြားသေဆုံးသူလေးဦးမှာ ၄င်းသိုလှောင်ရုံမှ အလုပ်သမားများ ဖြစ်သည်။ မီးလောင်မှုနှင့်ပတ်သက်ပြီး မည်သို့မည်ပုံ ဖြစ်ပွားခဲ့သည်ကို တူရကီအရာရှိများက စုံစမ်းစစ်ဆေးလျက်ရှိသည်။ (အင်တာနက်)

20-4 (04).pmd 1 4/20/2011, 1:58 AM

ရေနံဈေးနှုန်းများမြင့်တက်လာမှု ဂယက်

တိုး
ရေးသားသည်

အရှေ့အလယ်ပိုင်းဒေသနှင့် မြောက်အာဖရိကဒေသတို့တွင် မငြိမ်မသက်မှုများ ဖြစ်ပွားလာကတည်းကရေနံဝယ်လိုအား မြင့်မားလာမည်ဟူသော မှန်းဆချက်များနှင့်အတူ ရေနံစိမ်းဈေးနှုန်းမှာ နှစ်နှစ်ခွဲအတွင်း အမြင့်ဆုံးဖြစ်လာသည်။ အမေရိကန် ရေနံစိမ်းတစ်စည် အမေရိကန်ဒေါ်လာ ၁၁၀အထိ (ဘရင့်ရေနံစိမ်းတစ်စည် ၁၂၀အထိ) ရောက်လုနီးပါးရှိလာသည်။

ကမ္ဘာ့ရေနံဈေးနှုန်း မြင့်တက်လာမှုအနေအထားကို ပုံပြဂရပ်ဖ်ဖြင့် ဤသို့ ပြသထားသည်။

ခဲဓာတ်ပါဝင်မှု နည်းပါးသည့် အရည်အသွေး အကောင်းမွန်ဆုံး မြောက်ပင်လယ် ဘရင့်ရေနံစိမ်းမှာ ဧပြီ ၁၈ ရက်က တစ်စည်လျှင် ၁ ဒသမ ၂၅ ဒေါ်လာ တက်ကာ ဒေါ်လာ ၁၁၉ ဒသမ ၉၅အထိ ရောက်သွားသည်။ နောက်မှ တစ်စည် ဒေါ်လာ ၁၁၉ ဒသမ ၇၀ သို့ ပြန်ကျသွားသည်။

အမေရိကန် ရေနံစိမ်းဈေးမှာလည်း ၁၃ လအတွင်း အမြင့်ဆုံး ဈေးနှုန်းဖြစ်သည့်တစ်စည် ဒေါ်လာ ၁၀၈ ဒသမ ၇၈အထိ တက်ခဲ့သည်ဟု သိရသည်။

မလိုအပ်သေး

အီရန်ရေနံဝန်ကြီးနှင့် ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)ဥက္ကဋ္ဌ မဆွတ်မားကာဇီမီက လက်ရှိအခြေအနေတွင် ရေနံတစ်စည် ဒေါ်လာ ၁၀၀ ကျော်သည့်တိုင် အိုပက်အရေးပေါ် အစည်းအဝေးခေါ်ယူရန် မလိုအပ်သေးကြောင်း ပြောကြားခဲ့သည်။

ရေနံဈေးနှုန်း တက်ရသည့် နောက်ကွယ်မှ အဓိကအကြောင်းအရင်းမှာအမေရိကန်ဒေါ်လာဈေးချလိုက်ခြင်းကြောင့်ပင် ဖြစ်ကြောင်း အီရန်ရေနံဝန်ကြီး မားကာဇီမီက ဝေဖန်ပြစ်တင်လိုက်သည်။ ယခင်ကလည်း ကမ္ဘာ့စီးပွားရေး လှုပ်ရှားလာမှုနှင့်တကွ မြောက်အာဖရိကနှင့် ပင်လယ်ကွေ့နိုင်ငံများအတွင်း အကျပ်အတည်း ကြုံတွေ့သည့်အခါများတွင် ရေနံဈေးနှုန်းများ တက်ခဲ့သည့် သာဓကများရှိသည်။

မြင်တွေ့လို

အရှေ့အလယ်ပိုင်းဒေသနိုင်ငံများ၏ အခြေအနေနှင့် ဂျပန်နိုင်ငံ၏ ငလျင်ကြီးလှုပ်ခတ်မှုနှင့် ဆူနာမီ နျူကလီးယား မတော်တဆဖြစ်မှုများ နောက်ပိုင်းတွင် ရေနံဈေးနှုန်းကျဆင်းသည်ကို မြင်တွေ့လိုကြောင်း ပါရှန်ပင်လယ်ကွေ့မှ ကူဝိတ်နိုင်ငံက ပြောကြားသည်။

ရေနံဈေးနှုန်းတက်လျှင် မိမိတို့ အကျိုးရှိမည်ကို သိသော်လည်း မိမိတို့ အနေဖြင့် ရေနံဈေးနှုန်းကျသည်ကို မြင်တွေ့လိုပါကြောင်း၊ အထူးသဖြင့် ပုံမှန်ဈေးနှုန်းသာ ဖြစ်သင့်ကြောင်း ကူဝိတ်ရေနံကုမ္ပဏီအမှုဆောင် အရာရှိချုပ် ဖာရောက်အယ်ဇန်ကီက မကြာမီက ပြောကြားသည်။ ပုံမှန်ဈေးနှုန်းမှာ ရေနံစိမ်းတစ်စည်ဒေါ်လာ ၉၀ နှင့် ၁၀၀ ကြားသာ ဖြစ်သင့်သည်ဟု ဆိုသည်။

ရေနံတိုးမြှင့်ထုတ်လုပ်ပါဟု မေတ္တာရပ်ခံလာလျှင် မိမိတို့နိုင်ငံကတိုးထုတ်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ လောလောဆယ်တွင် အိုပက်ခွဲတမ်းအရ ကူဝိတ်နိုင်ငံက တစ်နေ့ ရေနံစည် ၂ ဒသမ ၂ သန်း ထုတ်လုပ်လျက်ရှိသည်။

ကမ္ဘာ့ရေနံအများဆုံးထုတ်သည့် ဆော်ဒီအာရေဗျနိုင်ငံက ပြီးခဲ့သည့်လအတွင်း တစ်နေ့ ရေနံစည်ပေါင်း ရှစ်သိန်းလျှော့ချထုတ်လုပ်သော်လည်း ကမ္ဘာ့ရေနံဈေးကွက်တွင် ရေနံစိမ်းများ ပိုလျှံနေကြောင်း ဆော်ဒီအာရေဗျ ရေနံဝန်ကြီး အယ်နာမီက ထုတ်ဖော်ပြောကြားခဲ့သည်။ ဆော်ဒီအာရေဗျနိုင်ငံက နေ့စဉ် ရေနံ အရန်ထုတ်လုပ်မှု ပမာဏမှာ ရေနံစည် ၃ ဒသမ ၅ သန်းရှိသည်။ စုစုပေါင်း ထုတ်လုပ်စွမ်းအားမှာ နေ့စဉ် စည်ပေါင်း ၁၂ ဒသမ ၅ သန်းရှိသည်။

ဖေဖော်ဝါရီလလယ်က စခဲ့သည့် လစ်ဗျားအကျပ်အတည်းကြောင့်ရေနံ မထုတ်လုပ်နိုင်သည့်တိုင် ထိုအစား ဆော်ဒီအာရေဗျက တိုးမြှင့်ထုတ်လုပ်ပေးနိုင်သည်ဟု ဆိုသည်။

ဥရောပတင်ပို့

လစ်ဗျား၏ ပုံမှန်ရေနံထုတ်လုပ်မှုမှာ တစ်နေ့ရေနံစည် ၁ ဒသမ ၆ သန်းဖြစ်သည်။ အိုပက်အဖွဲ့တွင် ၁၇ နိုင်ငံမြောက် ရေနံအများဆုံး ထုတ်ပေးသည့် နိုင်ငံဖြစ်ပြီး ထုတ်လုပ်သည့် ရေနံအားလုံး၏ ၈၅ ရာခိုင်နှုန်းကို ဥရောပသို့ တင်ပို့သည်။

ပြောကြား

ရေနံဈေးနှုန်း မြင့်မားမှုအပေါ် ရေနံထုတ်လုပ်သည့် နိုင်ငံများက စိုးရိမ်လျက်ရှိကြောင်း၊ ဈေးကွက်များ၌လည်း ရေနံများ ပြည့်နေကြောင်း အိုပက်အဖွဲ့အတွင်းရေးမှူးချုပ် အဗ္ဗဒူလာ အယ်ဘာဒရီက ပြောကြားသည်။ ရေနံဈေးနှုန်း လျှော့ချရေးအတွက် ဈေးကစားမှုများ ထိန်းချုပ်သည့်စည်းမျဉ်း၊ စည်းကမ်းများကိုပြဋ္ဌာန်းပြီး ရေနံထွက်ပစ္စည်းများအပေါ် အခွန်ကောက်မှု လျှော့ချရန်လည်း အိုပက်အတွင်းရေးမှူးချုပ် ဘာဒရီက တိုက်တွန်းလိုက်သည်။

ရေနံဈေးနှုန်း လျှော့ချရေးအတွက် ဈေးကစားမှုများ ထိန်းချုပ်သည့် စည်းမျဉ်း၊ စည်းကမ်းများကို ပြဋ္ဌာန်းပြီး ရေနံထွက်ပစ္စည်းများအပေါ် အခွန်ကောက်မှု လျှော့ချရန်လည်း အိုပက်အတွင်းရေးမှူးချုပ် ဘာဒရီက တိုက်တွန်း။

ထိခိုက်နိုင်

နိုင်ငံတကာ စွမ်းအင်အေဂျင်စီ အကြီးအကဲ တာနာကာကလည်း လက်ရှိရေနံဈေးနှုန်းမှာ မြင့်လွန်းကြောင်း၊ စီးပွားရေး တိုးတက်မှုကို ထိခိုက်နိုင်ကြောင်း သတိပေးလိုက်သည်။

မှန်ပါသည်။ ရေနံဈေးတက်လျှင် ရေနံအပေါ်မှီခိုရသည့်လုပ်ငန်းများအတွက် ထုတ်လုပ်ရေး ကုန်ကျစရိတ် တိုးလာကာ အမြတ်အစွန်း နည်းသွားမည် ဖြစ်သည်။

ပိုမိုခက်ခဲ

နောက်ဆက်တွဲအဖြစ် ဓာတ်ဆီဈေးတက်ပြီး စားနပ်ရိက္ခာဈေးနှုန်းများပါတက်လာပေမည်။သို့ဆိုလျှင် ကမ္ဘာ့တစ်ဝန်းရှိဆင်းရဲသည့် ပြည်သူ ၁ ဒသမ ၂ ဘီလီယံတို့အတွက် စားရေးသောက်ရေး ပိုမိုခက်ခဲလာစရာရှိကြောင်း ရေနံသုတေသီများက သုံးသပ်ထားကြပါကြောင်း။ ။

(မြန်မာ့အလင်း)

အရှေ့အလယ်ပိုင်းဒေသ ပါရှန်ပင်လယ်ကွေ့တွင် ကမ်းလွန်ရေနံတူးစင်တစ်ခုကို ဤသို့တွေ့ရသည်။

နိုင်ငံတကာသတင်းပဒေသာ အတိုအထွာ

မောင်ချစ်ကြည် - စုစည်းသည်

အိန္ဒိယရေတပ်စစ်သင်္ဘောအုပ်စု ရုရှားသို့ ချစ်ကြည်ရေးသွားရောက်

ဗလာဒီဗော့စ်တော့ ဧပြီ ၁၉

အိန္ဒိယနိုင်ငံမှ ရေတပ်စစ်သင်္ဘော အုပ်စုတစ်စုသည် ရုရှားနိုင်ငံ၏ ပစိဖိတ်ရေတပ်စစ်အခြေစိုက်စခန်းသို့ ဧပြီ ၁၈ ရက်က အလည်အပတ် ခရီးအဖြစ် ဆိုက်ရောက်လာကြောင်း ရုရှားစစ်ဘက်အရာရှိများက ဧပြီ ၁၉ ရက်၌ ပြောကြားသည်။ (အောက်ပုံ)

အိန္ဒိယရေတပ်သင်္ဘောအုပ်စုတွင် စစ်သင်္ဘောသုံးစင်းပါရှိပြီး ရုရှားစစ်သင်္ဘောများနှင့် ပူးတွဲသရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ကြမည်ဖြစ်သည်။ ထိုသို့ ပြုလုပ်ရာတွင် ပစိဖိတ်ရေပြင်အတွင်း ပြုလုပ်မည်ဖြစ်ပြီး နှစ်နိုင်ငံရေတပ်ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုရရှိရန်အခြေခံပြီး ဆောင်ရွက်ခြင်း ဖြစ်သည်။

အိန္ဒိယရေတပ်စစ်သင်္ဘောမှ အရာရှိများသည် ရုရှားနိုင်ငံ ဗလာဒီဗော့စ်တော့ ဆိပ်ကမ်းမြို့အုပ်ချုပ်ရေးအဖွဲ့ အကြီးအကဲနှင့်လည်း တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။ (အင်တာနက်)

တရုတ်၌ မုန်တိုင်းတိုက်ခတ်မှု ငါးဖမ်းသင်္ဘောများနစ်မြုပ်

ဟိုင်ကူ ဧပြီ ၁၉

တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ် ကမ်းလွန်တွင် ဧပြီ ၁၈ ရက် နံနက်က လေပြင်းမုန်တိုင်းတိုက်ခတ်သဖြင့် ငါးဖမ်းသင်္ဘောများနစ်မြုပ်ခဲ့ရာ ငါးဖမ်းလုပ်သားသုံးဦးသေဆုံးပြီး လေးဦးပျောက်ဆုံးလျက်ရှိကြောင်း တရုတ်ငါးလုပ်ငန်းအရာရှိများက ဧပြီ ၁၉ ရက်၌ ပြောကြားသည်။

နစ်မြုပ်

ဟိုင်နန်ပြည်နယ်အနောက်ပိုင်း ဒေါင်ဖန်မြို့ ကမ်းလွန်တွင် ဧပြီ ၁၈ ရက်နံနက် ၃နာရီခန့်က မုန်တိုင်းတိုက်ခတ်သဖြင့် ငါးဖမ်းသင်္ဘောရှစ်စင်း နစ်မြုပ်ခဲ့ကြောင်း၊ ငါးဖမ်းလုပ်သား ၁၆ ဦးအနက် ကိုးဦးအား ကယ်ဆယ်နိုင်ခဲ့ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ဟိုင်နန်ပြည်နယ် အနောက်ပိုင်းကမ်းခြေဒေသများတွင် ပြီးခဲ့သည့် သီတင်းတစ်ပတ်ကလည်း မုန်တိုင်းတိုက်ခတ်မှုကြောင့် ၁၈ဦး သေဆုံးကာ ၁၅၅ ဦး ဒဏ်ရာရရှိခဲ့သည်။ **(အင်တာနက်)**

ကာမာဒက်ကျွန်းစု ကမ်းလွန်၌ ငလျင်လှုပ်

ဝါရှင်တန် ဧပြီ ၁၉

အမေရိကန်နိုင်ငံ ကာမာဒက်ကျွန်းစု တောင်ဘက်ကမ်းလွန်တွင် ဧပြီ ၁၈ ရက်က ရစ်ချ်တာစကေး ၆ ဒသမ ၇ ရှိ အင်အားပြင်း ငလျင်လှုပ်ခဲ့ကြောင်း အမေရိကန် ဘူမိဗေဒဆိုင်ရာ လေ့လာရေးအဖွဲ့က ဧပြီ ၁၉ ရက်၌ သတင်းထုတ်ပြန်သည်။

ဗဟိုပြု

၎င်းငလျင်သည် ကာမာဒက်ကျွန်းစု တောင်ဘက်ကမ်းလွန် ပင်လယ်ကြမ်းပြင်အောက် ၃၃ ကီလိုမီတာ အနက်ကို ဗဟိုပြု၍ လှုပ်သွားခြင်း ဖြစ်ကြောင်း၊ ဆူနာမီသတိပေးချက် ထုတ်ပြန်ခြင်း မရှိကြောင်း သတင်း၌ ဖော်ပြသည်။ (အင်တာနက်)

ဧပြီ ၁၉ ရက် ကမ္ဘာ့ဈေးကွက်

စဉ်	ကုန်ပစ္စည်း	အရေအတွက်	ဈေးနှုန်း(အမေရိကန်ဒေါ်လာ)
၁။	ရေနံစိမ်း	တစ်စည်	၁၀၆ ဒသမ ၀၃
၂။	သဘာဝဓာတ်ငွေ့	တစ်ကုဗမီတာ	၄ ဒသမ ၁၄
၃။	ရွှေ	တစ်အောင်စ	၁၄၉၄ ဒသမ ၁၄
၄။	ငွေ	တစ်အောင်စ	၄၃ ဒသမ ၁၉
၅။	ကြေး	တစ်အောင်စ	၄ ဒသမ ၁၈
၆။	ပလက်တီနမ်	တစ်အောင်စ	၁၈၃၃ ဒသမ ၀၀

ခေတ်မီသိပ္ပံနည်းကျ ပေါင်ပျိုးစနစ်ဖြင့် ပျိုးထောင် စပါးပန်းတိုင်အထွက်နှုန်း တင်း ၁၀၀ ကျော်ရရှိမည်

နေပြည်တော် ဧပြီ ၁၉

မျိုးပြောင်းလဲစိုက်ပျိုးခြင်း၊ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ ကျင့်သုံးခြင်း၊ သွင်းအားစုများအချိုးညီညီ စနစ်တကျသုံးစွဲခြင်း၊ အလေအလွင့်နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ကြခြင်းဖြင့် စပါးပန်းတိုင်အထွက်နှုန်း တစ်ဧက တင်း ၁၀၀ကျော်ရရှိနိုင်မည်ဖြစ်ရာ ခေတ်မီသိပ္ပံနည်းကျ ပေါင်ပျိုးစနစ်ဖြင့် ပျိုးထောင်ကြရန် ဧပြီ ၁၆ ရက် နံနက် ၇ နာရီက မြန်အောင်မြို့နယ် မမြဆည် ရေသောက်ဧရိယာ မျှင်ဝါးတောင်ရွာ စိုက်ပျိုးရေးစံပြစိုက်ကွက်၌ ကျင်းပသော ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ခေတ်မီသိပ္ပံနည်းကျ ပေါင်ပျိုးစနစ်ဖြင့် စပါးမျိုးစေ့ကြဲခြင်း အခမ်းအနား၌ **(အပေါ်ပုံ)**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်လှိုင်၊ ဧရာဝတီတိုင်းဒေသကြီး လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးတင်စိုးနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများက ဒေသခံတောင်သူတို့အား ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ သိပ္ပံနည်းကျစိုက်ပျိုးနည်း ၁၄ ချက်ကို လိုက်နာဆောင်ရွက်ခြင်းအားဖြင့် ပန်းတိုင်အထွက်နှုန်း တင်း ၁၀၀ ကျော်ရရှိရေးနှင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် စိုက်ကွင်းများဖြင့် မျိုးသန့်မျိုးစေ့ထုတ်လုပ်ပြီး ဒေသတွင်း လယ်ယာကဏ္ဍတိုးတက်မြင့်မားအောင် ဆောင်ရွက်ရေးတို့ကိုလည်း မှာကြားခဲ့သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်းကို ကိုယ်တိုင်ပါဝင် မျိုးစေ့ကြဲပေးခဲ့သည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မမြရေလှောင်တမံ၌ စီးဝင်ရေများ သိုလှောင်ထားမှု၊ ရေထုတ်ပြွန် တူးမြောင်းမကြီးတို့မှ စိုက်ပျိုးရေပေးဝေနေမှု၊ ရေထိန်းမျှော်စင်ထိန်းသိမ်းထားမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

မမြရေလှောင်တမံမှာ မမြချောင်းပေါ်တွင် တည်ဆောက်ထားပြီး ဆည်ရေဧကပေ ၇၀၀၀၀ကို သိုလှောင်၍ မြန်အောင်မြို့နယ်နှင့် အင်္ဂပူမြို့နယ်တို့အတွင်းရှိ လယ်မြေဧက ၁၀၀၀၀ကို စိုက်ပျိုးရေပေးဝေနိုင်သည့်အပြင် ဒေသတွင်း ရေကြီး၊ ရေလွှမ်းမိုးမှုများကို ကာကွယ်ပေးလျက်ရှိသည်။ ထို့အပြင် မမြရေလှောင်တမံ၏ ရေပေးတူးမြောင်းများမှ ရေကျနေရာများတွင် အသေးစားရေအားလျှပ်စစ် နှစ်ကီလိုဝပ် ငါးလုံး၊ သုံးကီလိုဝပ် ၁၁လုံး၊ ငါးကီလိုဝပ် ခြောက်လုံး တပ်ဆင်ပြီး မျှင်ဝါးတောင်၊ ငါ့ဘတ်ကျ၊ ဝက်ဘာ၊ ညောင်စုံ၊ ထူးကြီးသေး၊ ကိုင်းတောကွင်း၊ ကံဘဲ့၊ အလယ်စု(ထူးကြီး) စသည့်ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားပေးဝေလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း သင်တန်းများဆင်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်သော Office Management Course အပတ်စဉ်(၅)၊ Higher Certificate Course for Sales and Marketing အပတ်စဉ်(၁)၊ Higher Certificate in Sale Management and Marketing Management အပတ်စဉ်(၁)၊ Business English အပတ်စဉ်(၂)နှင့် အပတ်စဉ်(၃)၊ Certificate Course for Basic Japanese (II) Language and Business Japanese Language အပတ်စဉ်(၁)၊ Computerized Accounting MYOB (Level-II) အပတ်စဉ်(၃)၊ Computerized Accounting MYOB (Level-III) အပတ်စဉ်(၂) စုပေါင်းသင်တန်းများဆင်းပွဲကို ဧပြီ ၁၀ ရက် နံနက် ၁၀ နာရီက ကုန်သည်/စက်မှုအသင်းချုပ် ပထမထပ်ရှိ ခန်းမကြီး၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ယင်းအခမ်းအနားတွင် ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က အမှာစကားပြောကြားပြီး HRD ကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးသက်က သင်တန်းများဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ယင်းအခမ်းအနားတွင် ကုန်သည်/စက်မှုအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများ၊ သင်တန်းဆရာ ဆရာမများက သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်း လက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(ကုန်သည်/စက်မှုအသင်းချုပ်)

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဖုန်းလွင် ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးသော ဒေါင့်ကြီးလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို မတ် ၁၁ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရှေးဟောင်းယဉ်ကျေးမှု သတင်းမှတ်စု

နေပြည်တော်ဝန်းကျင်ရှိ ရှေးဟောင်းမြို့နှစ်မြို့

မင်းဘူး-အောင်ကြိုင်

နေပြည်တော်၏ တောင်ဘက်ပိုင်းတွင် အေဒီ ၉၇ ခုခန့်က သမုဒ္ဒရာဇ်မင်းတည်ထောင်ခဲ့သော နောင်ပြင်မြို့ခေါ် ရန်အောင်မြင်ပျူမြို့ဟောင်းနှင့် နေပြည်တော်၏ မြောက်ဘက်ပိုင်းတွင် အေဒီ ၁၁ရာစုက အနော်ရထာမင်းကြီးတည်ထောင်ခဲ့သော ပုဂံခေတ် ပက်ပါမြို့ဟောင်းတို့ ရှိကြသည်။

နောင်ပြင်မြို့ခေါ် ရန်အောင်မြင်မြို့မှာ ယခုထင်ရှားရှိနေသော ရန်အောင်မြင်(ရွှေလက်လှ)စေတီ၏မြောက်ဘက်၊ ရန်အောင်မြင်ရွာ၏ အနောက်ဘက်တွင် တည်ရှိသည်။

မြို့ရိုးမှာ တစ်မျက်နှာလျှင် ပေ ၇၀၀ ကျော်ရှိပြီး ကျုံးအကျယ်မှာ ပေ ၁၂၀ခန့် ကျယ်သည်။ အရှေ့တောင်ဘက်ရှိ အောင်မြေကုန်းမှကြည့်လျှင် အရှေ့တောင်ထောင့်မြို့ရိုးနှင့် ကျုံးမှာ ထင်ရှားမြင့်မားစွာ ကျန်ရှိပါသေးသည်။

ရန်အောင်မြင်မြို့ဟောင်းတွင် လူများအဆက်ဆက်နေသွားသည့် အထောက်အထားများကို တွေ့ရသည်။

သမုဒ္ဒရာဇ်မင်းသည် ပြည်မြို့အနီးရှိ သရေခေတ္တရာပျူမြို့တော်မှ ပျူမင်းဖြစ်သည့် သုပညာနဂရဆိန္နမင်း၏ တူတော်ဖြစ်သည်။ မြို့သစ်၊ နန်းသစ်တည်ထောင်ရန် တိုက်ဆင် ၆၀၊ ဗိုလ်ခြေတစ်သောင်းနှင့် ဆန်တက်လာပြီးနောက် ယခု နောင်ပြင်မြို့ဖြစ်မည့်နေရာသို့ ရောက်သောအခါ ဆင်ရတနာကရပ်ပြီး ဦးခိုက်နေသည်။ ဆင်ရတနာရှေ့သို့မတိုးဘဲ ရပ်တန့်နေသည်ကို သမုဒ္ဒရာဇ်မင်းကြီးသည် ထူးခြားသည့်နေရာဖြစ်သည်ဟုဆိုကာ တောကို ခုတ်ထွင်ရှင်းလင်းလိုက်ရာ သီရိဓမ္မာသောကမင်းကြီး ဇမ္ဗူထိပ်၌ တည်ထားခဲ့သည့် ပုထိုးရှစ်သောင်းလေးထောင်အနက် ပုထိုးငယ်တစ်ဆူကို တွေ့ရှိသည်ဟု ဆိုသည်။ ၎င်းစေတီငယ်ကို ပြုပြင်တည်ထားကိုးကွယ်ခဲ့သည်။ ထိုစေတီ၏ အနောက်မြောက်အရပ်တွင် ကျုံးနှင့်တကွ နောင်ပြင်မြို့ကို တည်ထောင်စံမြန်းခဲ့သည်။

ရန်အောင်မြင်ရွာ

ယင်းနောက် နတ်တော်လတွင် ရန်သူများ လာတိုက်သဖြင့် လက်ယာလက်မောင်းတွင် လှံခခဲ့သည်။ တွေ့ရှိသောစေတီကို ပြုပြင်ပြီး ဘုရားမှာဆုတောင်း၍ စစ်ကိုတိုက်ရာ လက်မောင်းဒဏ်ရာပျောက်သည့်အပြင် စစ်ရန်ကိုလည်း အောင်မြင်သဖြင့် အဆိုပါစေတီကို ရန်အောင်မြင်ဘုရားဟူ၍လည်းကောင်း၊ လက်မောင်းဒဏ်ရာပျောက်ကင်းသွားသဖြင့် ရွှေလက်လှဘုရားဟူ၍လည်းကောင်း ယနေ့တိုင် ခေါ်တွင်လျက်ရှိသည်။ ၎င်းဘုရားအနီးရှိရွာကိုလည်း ယနေ့တိုင် ရန်အောင်မြင်ရွာဟု ခေါ်တွင်လျက်ရှိသည်။

နောင်ပြင်မြို့ခေါ် ရန်အောင်မြင်မြို့တွင် အနေကြာလာသောအခါ ပတ်ဝန်းကျင် တောတောင်ထူထပ်သောကြောင့် သမုဒ္ဒရာဇ်မင်းကြီး၏ လူများမှာ ငှက်ဖျားရောဂါစွဲကပ်လာကြသဖြင့် မြောက်အရပ်သို့ နေရာသစ်၊ နန်းသစ်၊ မြို့သစ်ရှာဖွေရန် ဆင်လုံးမြင်းရင်းဖြင့် ရွှေ့ပြောင်းလာခဲ့ကြသည်။ ၎င်း၏ လမ်းကြောင်းတစ်လျှောက်တွင် အိုးခြမ်းကွဲနှင့် ပုတီးစေ့အချို့ တွေ့ရှိရသည်။

လယ်ဝေးမြို့၏ အနောက်တောင် ၁၆ မိုင်ခန့်အကွာတွင် ပျူပုတီးစေ့များ၊ အိုးခြမ်းကွဲများ တွေ့ရှိရသည်မှာလည်း သရေခေတ္တရာမှ ရန်အောင်မြင်မြို့အကြားတွင်ဖြစ်၍ ရန်အောင်မြင်မြို့မတည်မီ ယင်း၏ လမ်းကြောင်းဖြစ်ဖွယ်ရှိသည်။

ထင်ရှားစွာတွေ့ရ

တစ်ဖန် ရန်အောင်မြင်မြို့မှ မြောက်ဘက်သို့ ဦးတည်ရွှေ့ပြောင်းလာရာတွင် ပုပ္ပားတောင်၏ အရှေ့ဘက်မှပတ်၍ မြောက်သို့ ဆက်လက်ထွက်ခွာလာဖွယ်ရှိသည်။ ယခု ပုဂံမြို့ အရှေ့တောင် တုရင်တောင်တန်း၏ အရှေ့ဘက် ယုန်လွှတ်ကျွန်းအရပ်သို့ ရောက်ရှိပြီး အေဒီ ၁၀၇ ခုတွင် ပျူရွာ ၁၉ ရွာကို စုစည်း၍ မြို့သစ်၊ နန်းသစ် တည်ထောင်စံမြန်းသည်။ ယုန်လွှတ်ကျွန်းနေရာသည် ထူးခြားသည်။ ပုပ္ပားတောင်မကြီးမှာ ထိုအချိန်က ရေထွက်ပေါက် ၉၉ ပေါက်ရှိပြီး ရေအမြဲစီးသည်ဟု ဆိုသည်။ ယုန်လွှတ်ကျွန်းဆီသို့ စီးလာသောချောင်းမှာ ယခုယုန်လွှတ်ကျွန်းနေရာသို့ ရောက်သောအခါ ချောင်းနှစ်မြွာခွဲစီးပြီး ယုန်လွှတ်ကျွန်းအလွန်တွင် ပြန်ပေါင်း၍ စီးဆင်းသည်။ ယုန်လွှတ်ကျွန်းမှာ ဘေးပတ်ဝန်းကျင်ထက် အနည်းငယ်မြင့်သည်။ ကောင်းကင်ဓာတ်ပုံတွင် ယုန်လွှတ်ကျွန်းနေရာ၌ ချောင်းနှစ်ချောင်းခွဲထွက်ပြီး ယုန်လွှတ်ကျွန်း အလွန်၌ ပြန်ပေါင်းသည်ကို ထင်ရှားစွာ တွေ့ရသည်။

ယခုမြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များ စုဝေးရာ မြန်မာ့အသည်းနှလုံးဖြစ်သည့် ပုဂံကို သမုဒ္ဒရာဇ်မင်းကြီးက စတည်ခဲ့ခြင်းဖြစ်သည်။ ပျူရွာ ၁၉ ရွာမှာ ယုန်လွှတ်ကျွန်းပထမနန်းတော်၏ ပတ်ဝန်းကျင်တွင် ရှိသည်။

ရွာ ၁၉ ရွာ

ယနေ့တိုင် လူများဆက်ကာဆက်ကာနေလာခဲ့သည့် ရွာများမှာ(၁)ညောင်ဦး၊ (၂) ညောင်ဝန်း (ယခုအခေါ် တက်မ)၊ (၃) မန်ကျည်း(ယခုပုဂံ)၊ (၄)အနုရာဓ (မြင်းကပါ)၊ (၅) ကျောက်စကား (သီရိပစ္စယာ)၊ (၆) ရွာစိုက် (ဖွားစော)၊ (၇) တောင်ဘ၊ (၈) ကုက္ကို (တောင်ခွင်)၊ (၉)စုတည် ၊ (၁၀) မြေခဲတွင်း (မြေသင်းတွင်း)၊ (၁၁)အုံများ၊ (၁၂) ကူရွာ၊ လူများမနေတော့ဘဲ စွန့်ခွာသွားကြပြီး ရွာနေရာသာကျန်တော့သော ပျူရွာများမှာ (၁၃) ယုန်လွှတ်ကျွန်း၊ (၁၄) ကျင်လို(ဂင်္ဂါရွာ၏ အရှေ့မြောက်တွင်ရှိသည်)၊ (၁၅) သရက်ရ (သက်စိုးတောင်၏ အနောက်ဘက်တွင်ရှိသည်)၊ (၁၆) ရွာမုန်း (လက်ပံချေပေါ်အနီးတွင်ရှိသည်)၊ (၁၇) နဂါးဗိုလ်ရွာ (တောင်ဘီလယ်ယားရွာအရှေ့ဘက်တွင်ရှိသည်)၊ (၁၈) နဂါးကျစ်ရွာ (ရွှေစည်းခုံစေတီကြီး၏ အရှေ့မြောက်ဘက်တွင်ရှိသည်)၊ (၁၉) တန်ဆောင်ကျွန်း (မြစ်ထဲပါသွားသည်)တို့ဖြစ်ကြသည်။

ဖူးမြော်

နောင်ပြင်မြို့ခေါ် ရန်အောင်မြင်မြို့ဟောင်း အရှေ့တောင်ဘက်ကပ်လျက်ရှိ ရန်အောင်မြင်စေတီခေါ် ရွှေလက်လှစေတီမှာလည်း ထူးခြားသည်။ ခေတ်အဆက်ဆက်၊ မင်းအဆက်ဆက် ပြုပြင်မွမ်းမံခဲ့သည်။ ပထမဦးဆုံးမှာ သီရိဓမ္မာသောကမင်းကြီး၊ ၎င်းနောက် သမုဒ္ဒရာဇ်မင်း (ပျူခေတ်)၊ ၎င်းနောက် ပုဂံခေတ်ဖြစ်သော အလောင်းစည်သူမင်း၊ နရပတိစည်သူမင်း၊ တောင်ငူခေတ်တွင် မင်းကြီးညို၊ ကုန်းဘောင်ခေတ်တွင် သာယာဝတီမင်း၊ ရတနာပုံခေတ်တွင် မင်းတုန်းမင်းလက်ထက် မိုးညှင်းဝန်မင်း၊ ရသေ့ကြီးဦးခန္တီ (ဘုရားတောင်ဘက်တွင် ရသေ့ကြီးဦးခန္တီ၏ အုတ်တန်ဆောင်းရှိသည်) စသည်ဖြင့် ခေတ်အဆက်ဆက်ပြုပြင်မွမ်းမံလာခဲ့ပြီး ယခုအခါ အလွန်ကြည်ညိုသပ္ပာယ်လျက်ရှိသည်ကို ဖူးမြော်နိုင်သည်။

ဘုရား၏တန်ခိုးတော်ကြောင့် ညိုပင်ချောင်းက သုံးကြိမ် ဦးခိုက် စီးဆင်းသည်။ ဘုရားပတ်ဝန်းကျင်တွင်လည်း ကုန်းကိုးကုန်းနှင့် အိုင်ကိုးအိုင်ရှိသည်။ ကုန်းကိုးကုန်းမှာ တောင်နှစ်လုံးကုန်း၊ ရွှေစည်းခုံကုန်း၊ နန်းတော်ကုန်း၊ စေတီကုန်း၊ ဆင်တဲကုန်း၊ သံဘိုကုန်း၊ တောင်ဝိုင်းကြီးကုန်း၊ သဒ္ဒေးကုန်း၊ နံ့သာကုန်းဟူ၍ ဖြစ်သည်။

အိုင်ကိုးအိုင်မှာ ဂုဏ်မင်းအိုင်၊ အိုင်ကျယ်အိုင်၊ သက္ကယ်ကျင်းအိုင်၊ သူတော်မအိုင်၊ မိုးဆွေအိုင်၊ ဦးဟန်အိုင်၊ ဆည်ဝိုင်းကြီးအိုင်၊ ဒေါ်ကျေးယုံအိုင်၊ အင်းပက်လက်အိုင် စသည်တို့ဖြစ်ကြသည်။

အခြားမြို့ဟောင်းတစ်ခုမှာ ပက်ပါမြို့ဖြစ်သည်။ အေဒီ ၁၁-ရာစု ကောဇာသက္ကရာဇ် ၃၉၅ ခု တပေါင်းလဆန်း ၁၂ ရက်(သောကြာနေ့)တွင် အနော်ရထာမင်းကြီးသည် ကင်းတပ် ၄၃ မြို့ကို တစ်ပြိုင်နက်တည်း တည်ထောင်ရာတွင် ပက်ပါမြို့လည်းပါဝင်သည်။ အချို့ကလည်း နေရဥ္စရာမြို့ဟူ၍လည်း ခေါ်ဝေါ်ကြသေးသည်။ အဆိုပါ ပက်ပါမြို့ဟောင်းမှာ ယခုရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ တောင်ဘက်အထက်တန်းကျောင်းတည်ရှိရာနေရာဖြစ်သည်။မကြာမီက ရွှေ့ပြောင်းသွားသော သရက်ချဉ်ရွာကလေး၏ အရှေ့ဘက်တွင် တည်ရှိသည်။

၎င်းရွာကလေး၏ အရှေ့ဘက်တွင်လည်း ပျူခေတ် အုတ်ကုန်းတစ်ကုန်းလည်း ရှိသေးသည်။

ပက်ပါမြို့ရိုးမှာ အခြားမြို့ရိုးများနှင့်မတူ အုတ်မသုံးဘဲ ခြောက်လက်မ၊ ၁၀ လက်မအရွယ် ကျောက်စရစ်တုံးကြီးများကို မြေနှင့်ရော၍ တည်ဆောက်ထားသည်။ မြို့ရိုးတစ်မျက်နှာလျှင် ပေ ၁၀၀၀ ကျော်ရှိသည်။ ကျုံးအကျယ် ပေ ၁၁၀ ရှိသည်။

ထိန်းသိမ်းထား

ယခုအခါ မြေထိုးစက်များဖြင့် မထိုးမိစေရန် ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနအနေဖြင့် ဆိုင်းဘုတ်စိုက်ထူထားပြီး ထိန်းသိမ်းထားပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မြန်မာ့အလင်း ကျန်းမာသုတ

ညစဉ် ခုနစ်နာရီပြည့်အောင် မအိပ်လျှင် သွေးတိုး၊ ဆီးချိုနှင့် နှလုံးရောဂါများရနိုင်

မောင်ချစ်ကြည်

ညစဉ် ခုနစ်နာရီထက် လျော့နည်းအောင် အိပ်သူများသည် လုပ်ငန်းခွင်၌ အခက်အခဲများနှင့်ကြုံတွေ့ရပြီး မော်တော်ယာဉ် မောင်းနှင်ရာတွင်လည်း ဆိုးရွားသောအမှားအယွင်းများနှင့် ရင်ဆိုင်ရတတ်သည့်အပြင် အသက်အန္တရာယ်ရှိသော ရောဂါများလည်း ဖြစ်ပွားနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များ၏ လေ့လာချက်၌ ဖော်ပြထားသည်။

ညတိုင်း ခုနစ်နာရီပြည့်ဝအောင် မအိပ်ရသည့် အိပ်ရေးပျက်သူများအား (အောက်ဝဲပုံ) သုတေသနပြုကြည့်ရာ လုပ်ငန်းခွင်၌ စိတ်လက်ပေါ့ပါးလန်းဆန်းစွာ လုပ်ကိုင်နိုင်ခြင်းမရှိဘဲ အမှားအယွင်းများ လုပ်တတ်ကြကြောင်း၊ ၎င်းတို့၏ အမူအကျင့်များနှင့် အလေ့အထများမှာလည်း ကောင်းမွန်မှုမရှိနိုင်ကြကြောင်း တွေ့ရှိရသည်ဟု ဆို၏။

ဖြစ်ပွားနိုင်မှုနည်းပါး

အိပ်ရေးမဝခြင်းကြောင့် ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါနှင့် အဝလွန်ရောဂါများ အပါအဝင် နာတာရှည်ရောဂါများဖြစ်ပွားတတ်သည်ကို တွေ့ရှိရကြောင်း ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။ အနည်းဆုံး ညစဉ် ခုနစ်နာရီနှင့် ကိုးနာရီကြာမျှ အိပ်စက်ပါက ယင်းရောဂါများဖြစ်ပွားနိုင်မှု နည်းပါးကြောင်း သိရသည်။

အစားအစာကို ပုံမှန်စားခြင်း၊ လေ့ကျင့်ခန်း နေ့စဉ်မှန်မှန်ပြုလုပ်ခြင်း၊ အိပ်ရေးဝအောင် အိပ်ခြင်းတို့သည် ကျန်းမာရေးအတွက် နေ့စဉ်လိုက်နာကျင့်သုံးရမည့် အချက်များပင်ဖြစ်သည်။

အလွယ်တကူဝင်ရောက်နိုင်

အိပ်ရေးဝအောင် မအိပ်စက်ပါက လူမှုဆက်ဆံရေးအပိုင်းတွင်လည်း ဒေါသထွက်လွယ်ခြင်း၊ ဆုံးဖြတ်ချက်များယွင်းခြင်းနှင့် အပြောအဆိုများယွင်းခြင်းတို့အပြင် ရောဂါများလည်း အလွယ်တကူ ဝင်ရောက်နိုင်ကြောင်း သိရှိရသည်။ (အင်တာနက်)

ရမည်းသင်းမြို့နယ် အင်းကုန်းကျေးရွာတွင် စပျစ်ခြံပိုင်ရှင် ဦးကျော်အုံးနှင့် အလုပ်သမားများ စပျစ်စင်သစ်ကိုပြုပြင်တည်ဆောက်ကြစဉ်။

● ကျော့ဖုံးမှ

စပျစ်ကိုင်းများ စင်ပေါ်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံပြသပေးသည်။ တစ်ဧကအပင် ၅၀၀ စိုက်ပျိုးရာတွင် ခြံအတွက် အမြင့်ခုနစ်ပေရှိ တိုင်တစ်လုံး ငွေကျပ် ၃၀၀ ကျော်၊ ကြသောင်းဝါး တစ်လုံး ငွေကျပ် ၁၅၀ ဖြင့် အလုံး ၃၀၀၀၊ နွားချေးမြေဆွေး လှည်းတစ်စီး၊ လုပ်အားခများအပါအဝင် စုစုပေါင်းကုန်ကျငွေကျပ် ၈၀၀၀၀၀ ခန့် ရင်းနှီးရကြောင်းရှင်းပြသည်။ စပျစ်ခြံတစ်ခြံအတွက် ကုန်ကျစရိတ်နှင့်အတူ အကျိုးအမြတ်ကိုပါ ဦးကျော်အုံးက ရှင်းပြသည်။ စပျစ်မှာ လေးလတစ်ကြိမ်သီးသဖြင့် မိုးကာလတွင် မိုးများက အရှုံးရှိသော်လည်း ကျန်နှစ်ရာသီမှာ အမြတ်များရရှိကြသဖြင့် စပျစ်စိုက်ပျိုးသူများ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာကြောင်း သိရသည်။

မြက်ပေါင်းများရှင်းပေးရ

၎င်းနောက် အလယ်ကုန်းရွာမှ ကိုမင်းသိန်း၏ စပျစ်ခြံသို့ သွားရောက်ခဲ့ရာ တစ်ခြံလုံးစပျစ်ခိုင်များဖြင့် ပြည့်နှက်သီးနေသည်ကို အားရဖွယ်တွေ့မြင်ရသည်။ သို့ဖြစ်၍ ကိုမင်းသိန်းအား မေးမြန်းကြည့်ရာ ၎င်းမှာ စပျစ်ပင် ၃၄၀ စိုက်ပျိုးထားကြောင်း၊ ရှေးဦးစွာ မြေသားအားမွမွဖြစ်ရန် ထွန်သွားဖြင့် ထွန်ယက်ရပုံ၊ စပျစ်ကိုင်းတွင် အတက်သုံးလေးတက်ပါ ကိုင်းငယ်များဖြတ်ပြီး သဲနှင့်မြေဆွေး ပလတ်စတစ်အိတ်ဖြင့် ၄၅ ရက်ခန့်ထားပြီး နေ့စဉ်ရေလောင်းခဲ့ရပုံ၊ နှစ်လနီးပါးခန့်တွင် အနက်တစ်ထွာ၊ အကျယ်တစ်ပေကျင်းများတွင် မြေဆွေးများထည့် စိုက်ပျိုးခဲ့ရပုံ၊ ပင်စည်သည် သုံးပေ လေးပေခန့် ရှည်လျားကြီးထွားလာသဖြင့် စင်ပေါ်သို့တင်ပေးရပုံ၊ အပင်၏အရှည်ဆုံးအညွန့်ကို ကိုင်းနှိမ်မှုပြုပေးမှ အတက်များများထွက်လာပုံ၊ အပင်စိုက်ပြီး ခြောက်လခန့်အကြာ အသီးကင်းများစထွက်လာပုံ၊ ရှစ်လမှ ကိုးလအကြာတွင် အသီးဖြိုင်ဖြိုင်သီးသဖြင့် ဆွတ်ခူးရပုံတို့ကိုပြောပြပြီး နေ့စဉ်မှန်မှန်လည်း ရေလောင်းပေးရသလို တစ်လသုံးလေးကြိမ်ခန့် မြက်ပေါင်းများလည်းရှင်းပေးရကြောင်း ပြောပြသည်။

ထို့နောက် ၎င်းက ဆက်လက်၍ ဆေးလည်းမှန်မှန်ဖျန်းပေးရကြောင်း၊ ဆေးမဖျန်းက အပင်များ ပျက်စီးနိုင်ကြောင်း ရှင်းပြပေးသည်။

သယ်ယူပေးလျက်ရှိ

မိမိခြံမှ ထွက်ရှိသော စပျစ်သီးများအား အသီးမနာရန် ခံတောင်းများခံပြီး ဆွတ်ရပုံ၊ စပျစ်ကတ်ထူတစ်ပုံးလျှင်လေးပိသာရှိ စပျစ်သီးများထည့်ပြီး ရန်ကုန်အရောက် ကားများဖြင့် ကုန်သည်များထံ အရောက်ပေးပို့ရပုံ၊ တစ်နေ့ကား ငါးစီး၊ ခြောက်စီးခန့် ရန်ကုန်၊ မန္တလေး၊ မကွေး၊ ပြည်၊ ပဲခူး၊ မော်လမြိုင် စသည့်မြို့များသို့ တင်ပို့နေကြရပုံ၊ ကားသမားများလည်း လုပ်ငန်းအဆင်ပြေလျက်ရှိပုံတို့ကို ရှင်းပြခဲ့သည်။ စပျစ်သီးများကို ကျေးလက်လမ်းမှတစ်ဆင့် ရမည်းသင်းမြို့နယ်သို့ ကားများဖြင့် တင်ပို့ပြီး ပျော်ဘွယ်၊ မိတ္ထီလာ၊ ရွာတန်း၊ ရွှေဒါးစသည်တို့မှ ကားများပါ လာရောက်သယ်ယူပေးလျက်ရှိကြောင်း သိရှိရသည်။

လူမှုစီးပွားဘဝတိုးတက်

အင်းကုန်း၊ အလယ်ကုန်းအုပ်စုတွင် နံပါတ်(၃) အညိုသီးများသာ စိုက်ပျိုးကြပြီး ရွှေဒါး၊ ရွာတန်းနှင့် လယ်ပြင်သာ ကျေးရွာအုပ်စုများတွင် ချွန်းသီး၊ ချွန်းရွှေဝါ၊ ချွန်းရွှေနီ (ပန်းရောင်)၊ ဘလက်ကွင်း၊ ဘလက်ကွက်၊ ဘေးဘလက်၊ ဝိုင် စသည့် အသီးမျိုးစုံကို ရွာတန်း၊ ရွှေဒါး၊ လယ်ပြင်သာအုပ်စုများတွင် တိုးချဲ့စိုက်ပျိုးကြသဖြင့် စပျစ်စိုက်တောင်သူများ ဝင်ငွေတိုးကာ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ရမည်းသင်းမြို့နယ် အလယ်ကုန်းကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာအုပ်စု စသည့်ကျေးရွာအုပ်စုများမှ စိုက်ပျိုးထွက်ရှိကြသည့် စပျစ်သီးများအား လေးပိသာဆံ့ ကတ်ထူပုံးများဖြင့်ထည့်ပြီး ဈေးကွက်သို့တင်ပို့ရန် ကားပေါ်တင်နေကြစဉ်။

ငွေဆောင်အလှသဘာဝဓာတ်ပုံပြပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၉

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ငွေဆောင်ဇုန်)က ကြီးမှူး၍ တတိယအကြိမ် ငွေဆောင်အလှသဘာဝ ခေါင်းစဉ်ဖြင့် ငွေဆောင်ကမ်းခြေ ဓာတ်ပုံပြပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ ၉ ရက် နံနက်က ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဦးခင်ရွှေ၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ငွေဆောင်ဇုန်) ဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်း ဥက္ကဋ္ဌ ဦးထင်လင်းတို့က ဓာတ်ပုံပြပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ငွေဆောင်ဇုန်)ဒုတိယဥက္ကဋ္ဌ ဦးကျော်ထွန်းက ဓာတ်ပုံပြပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာဦးခင်ရွှေနှင့် တာဝန်ရှိသူတို့က ပထမဆုရရှိသူ ဦးထွန်းထွန်းဝင်း၊ ဒုတိယ ဦးကျော်ဇင်အောင်၊ တတိယ ဦးအောင်ဌေးလင်း**(အပေါ်ပုံ)** နှင့် နှစ်သိမ့်ဆုရရှိသူ ၁၃ ဦးနှင့် အထူးနှစ်သိမ့်ဆုရရှိသူ တစ်ဦးတို့အား ဆုများ ပေးအပ်ကြသည်။

လက်ဆောင်ပေးအပ်

ထို့နောက် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ငွေဆောင်ဇုန်) ဥက္ကဋ္ဌက မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌထံသို့ ဂုဏ်ပြုဓာတ်ပုံကားချပ်ကိုလက်ဆောင်အဖြစ် ပေးအပ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

တာလေ၌ ငလျင်ဒဏ်သင့်ပြည်သူများအား အခမဲ့ဆေးကုသ

တာချီလိတ် ဧပြီ ၁၉

ရှမ်းပြည်နယ် (အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမြင့်၊ အဖွဲ့ဝင် ဒေါက်တာဇင်မာဦးနှင့် စေတနာရှင်ဆရာဝန်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များသည် မတ် ၂၅ ရက်က တာချီလိတ်ခရိုင် တာလေမြို့ မြေငလျင်ဒဏ်သင့်ဒေသသို့ ကွင်းဆင်းသွားရောက်ကာ မြေငလျင်ဒဏ်သင့်ပြည်သူများအား ဆေးကုသပေးခြင်း၊ အစားအစာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ဆောင်ရွက်ရာတွင် မတ် ၂၅ ရက်တွင် လူနာ ၇၄ ဦး၊ မတ် ၂၆ ရက်တွင် လူနာ ၂၁၆ ဦး၊ မတ် ၂၇ ရက်တွင် လူနာ ၁၈၉ ဦးတို့အား အခမဲ့ဆေးဝါး ကုသပေးပြီး ဆေးဝါးများ၊ အစားအစာနှင့် စောင်၊ အဝတ်အစား၊ သောက်ရေသန့်များကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (ဝ၆ဝ)**

မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးလုံခြုံရေးအတွက် ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ဧပြီ ၅ ရက်ကကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၉-၄-၂၀၁၁

လှိုင်ကော်မြို့	ပြင်ဦးလွင်မြို့
၀ ဒသမ ၃၁ လက်မ	၀ ဒသမ ၁၉ လက်မ

တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌
မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ကုသိုလ်ပြုပွဲများကျင်းပ

နေပြည်တော် ဧပြီ ၁၉

ချင်းပြည်နယ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ သက်ကြီးပူဇော်ကန်တော့ပွဲကို ဧပြီ ၁၇ ရက် နံနက် ၉ နာရီတွင် ဟားခါးမြို့ရှိ ပြည်နယ်ရုံး၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ဘိုးဘွား ၆၈ ဦးတို့အား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြကာ ဘိုးဘွားများကိုယ်စား အဘိုးတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ဘိုးဘွားများအား အာဟာရကျွေးမွေးခြင်းနှင့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးကြသည်။

ရွတ်ဆို

ယင်းနောက် မြန်မာနှစ်ဆန်းတစ်ရက်နေ့ အန္တရာယ်ကင်းပရိတ်တရားနာ ရွတ်ဖတ်ပူဇော်ပွဲကို မွန်းလွဲ ၁ နာရီတွင် အဆိုပါခန်းမ၌ ဆက်လက်ကျင်းပရာ ဆရာတော်၊ သံဃာတော်များက ပရိတ်ရွတ်ဆို သရဇ္ဈာယ်တော်မူကြပြီး ဟားခါးမြို့ပေါ်၌ လေးနေရာခွဲ၍အန္တရာယ်ကင်းပရိတ်တရားများ ရွတ်ဆိုတော်မူကြသည်။

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် မြန်မာနှစ်ဆန်းတစ်ရက်နေ့ နံနက် ၆ နာရီခွဲတွင် မော်လမြိုင်မြို့ တောင်ဝိုင်းဘိုးဘွားရိပ်သာသို့ သွားရောက်၍ အဘိုးအဘွား ၅၃ ဦးတို့အား ဂါရဝပစ္စည်းများပေးအပ်လှူဒါန်းခဲ့ပြီး သာသနာ့ဗိမာန်၌ကျင်းပသော မော်လမြိုင်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၂၇ ကျောင်းနှင့် သီလရှင်ကျောင်း ငါးကျောင်းတို့အတွက် ဆန်အိတ် ၁၂၀၊ ဆီပုံး ၄၀၊ ဆားပိဿာ ၄၀၀ နှင့် ကြက်သွန်နီ ပိဿာ ၄၀၀ လှူဒါန်းပွဲသို့ တက်ရောက်၍ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဘေးမဲ့လွှတ်ခဲ့

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် မော်လမြိုင်မြို့ ကမ်းနားလမ်းဆိပ်ကမ်းသာတံတား၌ကျင်းပသော ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်ဖောင်မျှောပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားသို့ တက်ရောက်၍ တီလားဗီးယားနှင့် ရွှေဝါငါးကြင်း ကောင်ရေ စုစုပေါင်း ၇၀၀၀၀ ကို သံလွင်မြစ်အတွင်းသို့ ဘေးမဲ့လွှတ်ခဲ့သည်။

ထို့နောက် နံနက် ၉ နာရီတွင် မုဒုံမြို့နယ် ကမာဝက်ကျေးရွာ၌ ကျေးရွာ ကျက်သရေဆောင် ဆံတော်ရှင် ကျိုက်ဇယ်စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်၍ စေတီတော်အထွတ်၌ တင်လှူပူဇော်မည့်စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့ကို စေတီတော်ဂေါပက ဩဝါဒါစရိယ ဆရာတော်ကြီးများထံသို့ ဆက်ကပ်လှူဒါန်းကာ ပြည်နယ်ဝန်ကြီးချုပ်က ကျေးရွာပြည်သူများအား နှစ်သစ်နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ပေးအပ်လှူဒါန်း

(၄၇)ကြိမ်မြောက် မြို့လုံးကျွတ်ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲကို မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဧပြီ ၁၇ ရက် နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့်ဇနီး ဒေါ်နုနုဇံ၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ ဧည့်ပရိသတ်များက အဘိုး အဘွားများအား ရှိခိုးကန်တော့ကြပြီး အပူဇော်ခံသက်ကြီး အဘိုး အဘွားများအား မင်္ဂလာရေစင်ဖြင့် ပက်ဖျန်းပူဇော်ကြကာ အသက် ၈၀ နှင့်အထက် သက်ကြီးဘိုးဘွား ၁၀၈ ဦးတို့အား လှူဖွယ်ပစ္စည်းများကို လက်ရောက် ပေးအပ် လှူဒါန်းကြသည်။

ယင်းနောက် အပူဇော်ခံ အဘိုးအဘွားများကိုယ်စား အဘိုး ဦးမွိုးလှအောင်က ဆုတောင်းမေတ္တာပို့သ၍ အခမ်းအနားကိုရုပ်သိမ်းလိုက်ပြီး မွန်းလွဲပိုင်းတွင် စစ်တွေမြို့ နေရာအသီးသီးတို့၌ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ နှစ်စဉ် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ဇီဝိတဒါန သွေးလှူဒါန်းပွဲကိုကျင်းပလျက်ရှိရာ ယခုနှစ်တွင်လည်း နံနက်ပိုင်းမှစ၍ ရဟန်းရှင်လူပြည်သူများ လာရောက်သွေးလှူဒါန်းကြသည်။ အဆိုပါ သွေးလှူဒါန်းပွဲတွင် မန္တလေးမြို့ အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်း၊ အမျိုးသားသွေးလှူဘဏ်တာဝန်ခံ ဆရာဝန် ဒေါက်တာခင်စိန်ဝင်းနှင့် ဆရာဝန်များ၊ သူနာပြုများ ဦးဆောင်၍ သွေးလှူဒါန်းသူရဟန်းရှင်လူ ပြည်သူများအား လိုအပ်သည်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပြီး လက်ဆောင်ပစ္စည်းများပေးအပ်၍ အာဟာရများ တိုက်ကျွေးကြသည်။

သွေးလှူဒါန်းပွဲတွင် ပုသိမ်ကြီးမြို့နယ်မှ ဦးအောင်ဇော်လေးက အရှင်ဆန္ဒာဓိက၏ သွေးလှူရှင်နှင့်ပါရမီ ၁၀ ပါး စာအုပ် ၁၀၀ ကို သွေးလှူဒါန်းသူများအား ဓမ္မဒါနပေးအပ်နိုင်ရန် လှူဒါန်းသည်။

(သတင်းစဉ်)

❒ ရှေ့ဖုံးမှ

ဆက်လက်၍ ဝန်ကြီးသည် မန္တလေးမြို့ ကျုံးအရှေ့ဘက်ရှိ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း နဝမအကြိမ်မြောက်ရေသဘင်မဏ္ဍပ်ဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးပြီး မြမန္တလာဟိုတယ်သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မန္တလေးမြို့ ဗထူးအားကစားဝင်းအတွင်းရှိ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနသို့ ရောက်ရှိပြီး အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ချမ်းမြသာစည်မြို့နယ် ဘောလုံးအားကစားကွင်းနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် Football Academy တို့ကို ကြည့်ရှုစစ်ဆေးပြီး အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)ရှိ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံ၍ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် သင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆီဆိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မီးသတ်စက်များ၊ ရေပိုက်များ၊ ကြံ့ခိုင်မှုနှင့် ကောင်းမွန်မှုရှိ မရှိကို ဆီဆိုင်မြို့နယ် အမှုဆောင်အရာရှိ ဦးသိန်းမင်းနှင့်အဖွဲ့ လိုက်လံစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

လျှပ်စစ်သုံးလျှင်
သတိယှဉ်
ဝန်အားမမျှ မသုံးရ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၄-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ရုပ်ဓာတ်(၈)ပါး** တရားတော် ဆရာတော်အရှင်ဇဝန (မေတ္တာရှင်)
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၇၉)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၃၇)
၈:၄၅	Sai Sai Birthday Show (Part-2)
၉:၃၅	အားကစားမြင်ကွင်းစုံ
၁၀:၀၅	Activities in the City [အနုပညာအထက်တန်းကျောင်း (ရန်ကုန်)ပန်းချီ၊ ပန်းပုဌာနနှင့် ပန်တျာဌာနတို့၏သင်တန်းဆင်းပွဲ]
၁၀:၂၀	မြန်မာပြည်ရဲ့ **ပါရမီ**
၁၀:၂၅	ဓာတ်ပုံထဲမှအမှတ်တရများ (လင်းလက်ဟိန်း)
၁၀:၅၅	ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ (အသည်းရောဂါအထူးကုဆရာဝန်ကြီးဒေါက်တာခင်မောင်ဝင်းနှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
၁၁:၁၅	အဆင့်မြင့်မြင့်သုံးဖို့ရာ Sweety Life Furniture
၁၁:၃၀	လွယ်ကူသက်သာစားစရာ မန်ကျည်းတော်ဖီနှင့် သံပရာအဆီ
၁၁:၄၀	MRTV- 4 ကာတွန်းအစီအစဉ်
၁၂:၁၀	Omega-3 fatty acids
၁၂:၃၀	စားချင်စဖွယ်နည်းအသွယ်သွယ် (တံငါသည်ဟင်း၊ ပဲကြာဆံသုပ်)
၁:၀၀	**ရုပ်ဓာတ်(၈)ပါး** တရားတော် ဆရာတော်အရှင်ဇဝန (မေတ္တာရှင်)
၂:၀၀	MRTV-4 သတင်း
၂:၂၀	**စကားနပန်း** (စကားနိုင်လုတာကောင်းတယ်၊ စကားနိုင်မလုတာကောင်းတယ်)
၃:၁၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၇၉)
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၃၇)
၄:၄၅	ဆံကေသာအလှအတွက် Eushido
၅:၀၅	မိသားစုများသိသင့်သောလေဖြတ်ခြင်းဆိုင်ရာကျန်းမာရေး ဗဟုသုတများ ဒေါက်တာပန်ဒိုရာအောင်ကြီး၊ အကယ်ဒမီလူမင်း+ခင်စပယ်ဦး၊ Rဇာနည်+ဝမ်း
၅:၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀	MRTV-4 သတင်း
၆:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၈၀)
၇:၁၀	Sai Sai Birthday Show (Part-3)
၈:၀၀	MRTV-4 သတင်း
၈:၃၀	Cartoon Show Time (Shark Baik)
၉:၀၅	Celebrity Style (Doreme)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၃၈)
၁၀:၁၅	နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (နွေးထွေးတဲ့မိသားစုအတွက် မဥ္ဇူလမ်းကအိမ်ကလေး)
၁၀:၄၀	ကျန်းမာရေးအတွက် ALPHA ရေနွေးချိုးစက်
၁၀:၅၅	World of Knowledge (Megabridges (Greece)
၁၁:၄၅	အရက်အန္တရာယ် (သိပ္ပံမှူးတင်)
၁၂:၀၅	အများမြင်စရာနှစ်ပါးသဘင်မဟာ (မြို့ရွှေမန်းသားဖိုးချစ်တို့ကတဲ့ ဇာတ်အလှသဘင်) (အပိုင်း-၃)
၁၂:၄၅	နှစ်စဉ်ဝင်ငွေတိုးစေဖို့… သစ်မွေးစိုက်ကြစို့
၁:၀၀	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာဘုတ်ဘုတ်နှင့် တွေ့ဆုံခြင်း)
၁:၂၅	မင်းမသိသေးပါဘူးကွာ ဧရာ၊ ငှက်ပျောကြော်၊ ကြူကြူသင်း၊ အေးအေးခိုင် (ဒါရိုက်တာ-ဆွေဇင်ထိုက်)
၁:၃၅	လှပချစ်စရာလက်မှုအနုပညာ (Pretty in Day & Night)
၂:၀၀	အဖိုးတန်သောသဘာဝသယံဇာတ မြေ ဟူးကောင်း
၂:၁၅	စွဲမက်ဖွယ်ရာရတနာ (စိန်ကျောက်အလားဥ သဿဖရား) (အပိုင်း-၂)
၂:၄၀	Aureum Palace Resort (Ngwe Saung)
၃:၁၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၁၀	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (စိတ်အပန်းဖြေစရာ အလှမွေးငါးကမ္ဘာ)
၄:၂၅	2 D ရဲတိုက်၊ နေဇင်အောင်အောင်၊ ကေကေမိုးမြင့်၊ ဇင်ချိုခိုင်ဦး၊ ဝတီ (ဒါရိုက်တာ-Nova)
၄:၄၀	ဆန်းသစ်အလှတိုး ရွှေချည်ထိုး
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၁၀	Tottenham - Arsenal	ESPN (Live)
	Chelsea - Birmingham	STAR SPORTS (Live)

❖ ရှေ့ဖုံးမှ

ဇက်နှင့်ကူးသွားသည်ဆိုသော်လည်း သည်ဘက်ကမ်းမှ ဟိုဘက်ကမ်းကို တိုက်ရိုက်အမြန်ကူး၍ သွားရခြင်းမဟုတ်ဘဲ လက်ပန်ခြေပေါ်နှင့် ပခုက္ကူကြားမှာ ပေါ်ထွန်းနေသည့် ရေလယ်ကျွန်းကြီးကိုပတ်ပြီး ရေကြောင်းအရ ဇက်ရေယာဉ်က မောင်းရခြင်းဖြစ်၍ တစ်နာရီခန့် ကြာပြီးမှ ရောက်သည်။

ဤခရီးကို ဤနည်းကလွဲလို့ သွားစရာမရှိဟု ဒေသခံပြည်သူများက ထင်ထားခဲ့ကြသည်ဆို၏။ ယခုသော် မန္တလေးတိုင်းဒေသကြီး ပုဂံ- ညောင်ဦးဘက်ကမ်း လက်ပန်ခြေပေါ်မှ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့သို့ ဧရာဝတီမြစ်ကြီးကိုဖြတ်၍ မြန်မာနိုင်ငံတွင် အရှည်ဆုံး တံတားကြီးတစ်စင်း ဧရာဝတီတံတား (ပခုက္ကူ)ကို ဆောက်လုပ်ရေး ဝန်ကြီးဌာနပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်လျက်ရှိနေသည်။ ဤတံတားကြီး ပြီးသွားလျှင် လက်ပန်ခြေပေါ် ဘက်ကမ်းမှ ပခုက္ကူမြို့ကို တံတားပေါ်မှ ကားနှင့် ငါးမိနစ်ခန့် မောင်းရုံဖြင့် ရောက်နိုင်မည်ဖြစ်သည်။ ဤအကြောင်းများကား အိပ်မက်မဟုတ်ကြောင်းကို ဧရာဝတီမြစ်ကြီးပေါ်တွင် အစီအရီတည်ဆောက်ထားသော တံတားတိုင်များက သက်သေပြလျက်ရှိနေပြီ ဖြစ်သည်။

ဧရာဝတီမြစ်ကိုဖြတ်၍ ထပ်မံဆောက်လုပ်လျက်ရှိသော တံတားကြီး ငါးစင်းအနက် ဧရာဝတီတံတား(ပခုက္ကူ)လည်း အပါအဝင်ဖြစ်သည်။ ကျန်တံတားကြီးများမှာ ဧရာဝတီတံတား (ညောင်တုန်း)၊ ဧရာဝတီတံတား (မလွန်)၊ ဧရာဝတီတံတား (ရတနာသိင်္ဃ)နှင့် ဧရာဝတီတံတား(စင်းခန်း)တို့ ဖြစ်ကြသည်။

ဧရာဝတီတံတား(ပခုက္ကူ)ကို ၁၄-၁၂-၂၀၀၉ ရက်နေ့တွင် မြေသန့်မင်္ဂလာပြုလုပ်ပြီး ၁၅-၁၂-၂၀၀၉ ရက်နေ့တွင် ပန္နက်တော်တင်နှင့် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားများ ကျင်းပ၍ စတင်တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း သိခဲ့ရသည်။

ဧရာဝတီတံတား(ပခုက္ကူ)တည်ဆောက်ရေးစီမံကိန်း ပခုက္ကူဘက်ကမ်း ရေလယ်
စတင်တပ်ဆင်ထားသည်ကို ဤသို့ တွေ့ခဲ့ရသည်။

စီမံကိန်းဆိုင်ရာ အဓိကအချက်အလက်များ

၁။ တည်နေရာ	- မန္တလေးတိုင်းဒေသကြီး၊ ညော[illegible] ညောင်ဦးမြို့နယ်။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူ[illegible]	
၂။ ပင်မတံတားအရှည်	- (၃၄၈၄)မီတာ =	(၁၁[illegible]
၃။ ကားလမ်းတံတားအရှည်စုစုပေါင်း	- (၄၁၂၆)မီတာ =	(၁၃[illegible]
၄။ မီးရထားလမ်းတံတားအရှည်စုစုပေါင်း	- (၆၂၇၈)မီတာ =	(၂၀[illegible]
၅။ ချဉ်းကပ်တံတား(ကားလမ်း)		
ပခုက္ကူဘက်ကမ်း	- (၄၂၀)မီတာ =	(၁၃[illegible]
လက်ပန်ခြေပေါ်ဘက်ကမ်း	- (၂၂၂)မီတာ =	(၇၂[illegible]
၆။ ချဉ်းကပ်တံတား(မီးရထားလမ်း)		
ပခုက္ကူဘက်ကမ်း	- (၁၆၅၂)မီတာ =	(၅၄[illegible]
လက်ပန်ခြေပေါ်ဘက်ကမ်း	- (၁၁၄၂)မီတာ =	(၃၇[illegible]
၇။ နှစ်လမ်းသွားကားလမ်းအကျယ်	- (၈.၅) မီတာ =	(၂၈) [illegible]
၈။ ရထားလမ်းအကျယ်	- (၄.၃) မီတာ =	(၁၄) [illegible]
၉။ လူသွားလမ်းအကျယ်(တစ်ဖက်လျှင်၃'.၃")	- (၂.၀)မီတာ =	(၆ [illegible]
၁၀။ တံတားအောက်ရေလမ်းကင်းလွတ်နယ်မြေ		
အကျယ်	- (၈၀)မီတာ =	(၂၆[illegible]
အမြင့်	- (၁၆)မီတာ =	(၅၂) [illegible]
၁၁။ တံတားအမျိုးအစား		
(က) တံတားအုတ်မြစ်နှင့်အောက်ထည်	- သံကူကွန်ကရစ်ဘိုးပိုင်နှင့်တိုင်[illegible]	
(ခ) တံတားအပေါ်ထည်	- သံမဏိပေါင်	
(ဂ) မော်တော်ယာဉ်တစ်စီးချင်းဝန်အလေးချိန်	- (၇၅)တန်	
Highway Loading	- (AASHTO-HS-25) (American Association of Sta[illegible] Transportation Officials)	
(ဃ) ခန်းဖွင့်ဖွဲ့စည်းပုံ	- ညောင်ဦးဘက်ကမ်းမှ ပခုက္ကူ[illegible] ၁၀၀ မီတာ × ၁ ခန်း + ၁၂[illegible] +၁၀၀ မီတာ × ၅ ခန်း + ၁[illegible] +၁၀၀ မီတာ × ၁ ခန်း	
၁၂။ စီမံကိန်းစတင်သည့်ရက်	- ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၅[illegible]	



...ကျူ)တည်ဆောက်ရေးစီမံကိန်း ပခုက္ကူဘက်ကမ်း ရေလယ်ကျွန်းတွင် သံပေါင်များ ...ကို ဤသို့ တွေ့ခဲ့ရသည်။

စီမံကိန်းဆိုင်ရာ အဓိကအချက်အလက်များ

	- မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်။		
	- (၃၄၈၄)မီတာ =	(၁၁၄၃၁)ပေ၊ (၂.၁၆)မိုင်	
...ရှည်စုစုပေါင်း	- (၄၁၂၆)မီတာ =	(၁၃၅၃၇)ပေ၊ (၂.၅၆)မိုင်	
...းအရှည်စုစုပေါင်း ...းလမ်း)	- (၆၂၇၈)မီတာ =	(၂၀၅၉၇)ပေ၊ (၃.၉၀)မိုင်	
	- (၄၂၀)မီတာ =	(၁၃၇၈) ပေ	(၂၁၀၆) ပေ
...ာ်ကမ်း ...ရထားလမ်း)	- (၂၂၂)မီတာ =	(၇၂၈) ပေ	
	- (၁၆၅၂)မီတာ =	(၅၄၂၀) ပေ	(၉၁၆၆) ပေ
...ာ်ကမ်း	- (၁၁၄၂)မီတာ =	(၃၇၄၆) ပေ	
...မ်းအကျယ်	- (၈.၅) မီတာ =	(၂၈) ပေ	
	- (၄.၃) မီတာ =	(၁၄) ပေ	
...(တစ်ဖက်လျှင်၃'.၃") ...မ်းကင်းလွတ်နယ်မြေ	- (၂.၀)မီတာ =	(၆ ပေ ၆ လက်မ)	
	- (၈၀)မီတာ =	(၂၆၂)ပေ	
	- (၁၆)မီတာ =	(၅၂)ပေ	
...စ်နှင့်အောက်ထည်	- သံကူကွန်ကရစ်ဘိုးပိုင်နှင့်တိုင်ကိုယ်ထည်		
...ထည်	- သံမဏိပေါင်		
...တစ်စီးချင်းဝန်အလေးချိန်	- (၇၅)တန်		
...ding	- (AASHTO-HS-25) (American Association of State Highway and Transportation Officials)		
...ပုံ	- ညောင်ဦးဘက်ကမ်းမှ ပခုက္ကူဘက်ကမ်းသို့ ၁၀၀ မီတာ × ၁ ခန်း + ၁၂၀ မီတာ × ၁၉ ခန်း +၁၀၀ မီတာ × ၅ ခန်း + ၁၂၀ မီတာ × ၄ ခန်း +၁၀၀ မီတာ × ၁ ခန်း		
...ရက်	- ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၅) ရက်		

အထူးစီမံကိန်း

ကျွန်တော်တို့သည် ပခုက္ကူဘက်ခြမ်း၌ တံတားကြီး၏ ပင်မတံတား တည်ဆောက်ထားပုံ၊ ချဉ်းကပ်(ကားလမ်း) တံတား တည်ဆောက်ထားပုံနှင့် ချဉ်းကပ်(ရထားလမ်း)တံတားတည်ဆောက်ထားရှိပုံ၊ ပင်မတံတားတွင် သံပေါင်များတပ်ဆင်နေပုံတို့ကို သတင်းဆောင်းပါးအတွက် ဓာတ်ပုံများရိုက်ကူးခဲ့ကြသည်။ ထို့နောက် ဧရာဝတီတံတား (ပခုက္ကူ) ပခုက္ကူဘက်ခြမ်း၌ တံတားတည်ဆောက်ရေးလုပ်ငန်းကို ဦးစီးဆောင်ရွက်နေသော အထူးစီမံကိန်းကြီးတည်ဆောက်ရေး အဖွဲ့(၃)၏ အင်ဂျင်နီယာချုပ် ဦးရွှေလေးအား တံတား တည်ဆောက်နေမှုနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးကြည့်ခဲ့သည်။

တည်ဆောက်

ဤတံတားကြီး၏ အောက်ခြေထည်တံတားတိုင်များမှာ သံကူကွန်ကရစ်ဘိုးပိုင်တိုင်အုတ်မြစ်ပေါ်တွင် သံကူကွန်ကရစ်တိုင်ကိုယ်ထည်ဖြင့် တည်ဆောက်ထားကြောင်း၊ တံတားအပေါ်ထည်မှာ သံမဏိသံပေါင် ခုံးတံတား အမျိုးအစားဖြစ်ပြီး သံမဏိခုံး သုံးခုံးလျှင်

သယ်ယူ

ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိလာသော CHINA CAMC ENGINEERING. CO, LTD မှ သံပေါင်များကို တံတားတွင် တပ်ဆင်ရန် ကရိန်းစက်များဖြင့် သယ်ယူနေစဉ်။

[redacted]

ဧရာဝတီတံတား(ပခုက္ကူ) တည် ဆောက်ရေး စီမံကိန်း ပခုက္ကူဘက်ကမ်း၌ တည်ဆောက်ပြီးစီး နေသော ချဉ်းကပ် (ကားလမ်း) တံတားနှင့် ချဉ်းကပ် (ရထားလမ်း) တံတားတိုင်များကို ဤသို့ တွေ့ခဲ့ရသည်။

ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေး စီမံကိန်း ပခုက္ကူ ဘက်ကမ်းမှ ပင်မတံတား ရေလယ်တိုင်များ တည်ဆောက်ပြီး စီး မှု ကို ဤသို့ တွေ့ခဲ့ရသည်။

တစ်တွဲဖြင့် စုစုပေါင်းကိုးတွဲအတွက် ၂၇ ခန်းနှင့် တစ်ခန်းချင်း သီးသန့်ခုံးသုံးခုအတွက် သုံးခန်းပါရှိပြီး စုစုပေါင်း အခန်း ၃၀ ပါရှိကြောင်း၊ သုံးခုံးတွဲဆက်၏ သံပေါင်များမှာ (N-type truss)ဖြစ်ပြီး တစ်ခုံးချင်းသီးသန့်သံပေါင်များမှာ (Warren-type truss) အမျိုးအစား ဖြစ်ကြောင်း၊ တံတားကြီးမှာ ရထားလမ်းတစ်လမ်းနှင့် ကားလမ်းနှစ်လမ်း ပါရှိသော သံမဏိခုံးတံတားကြီးဖြစ်ကြောင်း၊ ပင်မတံတားကြီး၏ တစ်ဖက်တစ်ချက်တွင် ချဉ်းကပ်ရထားလမ်းတံတားနှင့် ချဉ်းကပ်ကားလမ်းတံတားများပါရှိပြီး ၄င်းချဉ်းကပ်တံတားများနှင့် တစ်ဆက်တည်းရှိသော ချဉ်းကပ်ကားလမ်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်ပြီး ချဉ်းကပ်ရထားလမ်းများကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူ တည်ဆောက်ကြောင်း သိရသည်။

ဤတံတားကြီးတည်ဆောက်ရာတွင် အင်ဂျင်နီယာပိုင်းဆိုင်ရာအခက်အခဲများ ကြုံတွေ့ခဲ့ရသော်လည်း အတွေ့အကြုံများအပေါ် အခြေခံ၍ ဖြေရှင်းနိုင်ခဲ့ကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် စီမံကိန်းမှ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီပံ့ပိုးပေးနေပြီး အချိန်ပြည့်ကြီးကြပ်ကွပ်ကဲနေသဖြင့် တွေ့ကြုံခဲ့သည့်အခက်အခဲများကို အောင်မြင်စွာ ဖြေရှင်းနိုင်ခဲ့ကြောင်း၊ တံတားအပေါ်ထည်ပိုင်းဖြစ်သော သံမဏိသံပေါင်ခုံးများကို စနစ်တကျတင်ဒါခေါ်ယူပြီး ပြည်ပမှတင်သွင်း၍ မြန်မာအင်ဂျင်နီယာများကိုယ်တိုင်တပ်ဆင်တည်ဆောက်လျက်ရှိကြောင်း၊ ဤတံတားကြီး တည်ဆောက် ပြီးစီးသွားပါက ဧရာဝတီမြစ်၏ အနောက်ဘက်ခြမ်းရှိ မကွေးတိုင်းဒေသကြီးနှင့် ဆက်စပ်လျက်ရှိသည့် ချင်းပြည်နယ်တို့မှာ အလျင်အမြန်ဖွံ့ဖြိုးတိုးတက် ထွန်းကားလာမည်ဖြစ်ကြောင်း သိခွင့်ရရှိခဲ့ပါသည်။

တီဘီရောဂါလား၊ တီဘီဆေး သောက်ရမှာလား

ယမန်နေ့မှအဆက်

ကျွန်တော်က ဘယ်လိုပဲ တီဘီဆေးသောက်ဖို့ သင့်တယ်လို့ ပြောပေမယ့်လည်း သူကတော့ တီဘီဆေးသောက်ရင် အသည်းကို ထိခိုက်မယ်၊ အသည်းကို ကာကွယ်ချင်တယ်၊ မထိခိုက်စေချင်ဘူး စတာတွေကြောင့် တီဘီဆေးသောက်ဖို့ ကြောက်နေပါတယ်။ သူက ဒီထက်ပိုပြီးတော့ တီဘီရောဂါ သတ်မှတ်ဖို့ သေချာတဲ့နည်းတွေ မရှိဘူးလားဆိုပြီး မေးပါတယ်။ ဒီထက်ပိုပြီးသေချာတဲ့နည်းတွေ ရှိပါသေးတယ်။ လုပ်မယ်ဆိုရင် ရပါတယ်။ အဲဒါက 'Sputum AFB Culture' ပါ။ သလိပ်ထဲမှာ ရှိတဲ့ တီဘီပိုးဟာ သလိပ်ဝမ်းစီစီမှာ အကောင်ရေ ၄၀၀၀ ထက် နည်းခဲ့မယ်ဆိုရင် မတွေ့ဘူးလို့ ဆိုပါစို့။ ဒီနေရာမှာ ကျွန်တော်တို့ လုပ်နိုင်တာက အဲဒီသလိပ်ကို တီဘီပိုးရှိရင် တွေ့ရအောင် ပိုးမွေးရမှာ ဖြစ်ပါတယ်။ ဒါကို 'Sputum AFB Culture' လို့ ခေါ်ပါတယ်။ ဒါပေမယ့် ချက်ချင်း အဖြေမရပါဘူး။ နှစ်လခွဲလောက်ကြာပါတယ်။ အဲဒီလောက်ကြာမှပဲ သလိပ်ထဲမှာ တီဘီပိုး နည်းနည်းပဲပါမယ်ဆိုရင် အကောင်ရေ ပွားလာပြီး တီဘီပိုးကို တွေ့ရမှာဖြစ်ပါတယ်။ ကုန်ကျစရိတ်ကတော့ ကျွန်တော်တို့နိုင်ငံမှာ သိပ်မရှိပါဘူး။ ထောင်ဂဏန်းလောက်နဲ့ပဲ စစ်လို့ရပါတယ်။ သူ့ထက်မြန်တဲ့နည်းကတော့ PCR စမ်းသပ်နည်း (နောက်ဆုံးပေါ်တဲ့ မော်လီကျူလာနည်းပညာ)ဖြစ်ပါတယ်။ သလိပ်ထဲမှာ နည်းနေတဲ့ ပိုးကောင်ရေကို ပွားများအောင် ဒီမော်လီကျူလာနည်းပညာနဲ့ လုပ်ဆောင်ခြင်းအားဖြင့် နာရီပိုင်းအတွင်းမှာပဲ အဖြေက ထွက်ပါတယ်။ ဒါပေမယ့် ကုန်ကျစရိတ်ကတော့ များနေပါတယ်။ သောင်းဂဏန်း တော်တော်များများ ပေးရပါတယ်။ ဒါပေမယ့် အချိန်တိုအတွင်းမှာ ရောဂါကို ပိုတိကျသေချာအောင် သိနိုင်တဲ့အတွက် တန်ဖိုးရှိတဲ့စမ်းသပ်မှုဖြစ်လို့ လုပ်မယ်ဆိုရင် လုပ်သင့်ပါတယ်။ ဒါပေမယ့် test နှစ်ခုစလုံးကို လုပ်တဲ့အခါမှာ အချိန်ကြာတာ၊ ငွေကုန်တာတွေထက်ကို သလိပ်ထုတ်ပေးမယ့် သူအပေါ်လည်း မူတည်ဦးမှာဖြစ်ပါတယ်။ ဒီစမ်းသပ်မှု (test) တွေ ဘယ်လောက်ကောင်းကောင်း သလိပ်ကို ထုတ်မပေးဘဲ တံတွေးကိုသာ ထုတ်ပေးနေရင်တော့ အဖြေကလည်း Negative ဖြစ်နေဦးမှာပါလို့ သူ့ကို ရှင်းပြရပါတယ်။

အဲဒီတော့ ဒီကလေးမနဲ့ ဆွေးနွေးတဲ့အခါ တီဘီဆေးကို သောက်ရမယ်၊ မသောက်ရဘူးဆိုတာမှာ သောက်ရမယ့်ဘက်က အလေးသာပေမယ့် သူ့ရဲ့ ကြောက်ရွံ့နေတဲ့စိတ်ကြောင့် သောက်ပါလို့ ပြောရတာ အလွန်ခက်နေပါတယ်။ တစ်ချိန်တည်းမှာ အသည်းကိုရော ထိနိုင်ပါသလား၊ အသည်းကို ထိရင်ရော ဘယ်လောက် ဆိုးသွားနိုင်ပါသလဲ ဆိုတာကို ဆက်ပြီး မေးလာပြန်ပါတယ်။ အဲဒီတော့ တီဘီဆေးအကြောင်း ရှင်းပြရပြန်ပါတယ်။ တီဘီဆေးမှာ first line drug နဲ့ second line drug ဆိုပြီး ရှိတဲ့နေရာမှာ first line drug ဆိုတာ ပထမဆုံး သုံးရတဲ့ ဆေးဖြစ်ပါတယ်။ အလွန်ကို အာနိသင်ရှိပြီးတော့ တီဘီရောဂါ ကုသဖို့အတွက်လည်း အလွန်ကို အားထားရတဲ့ဆေးဖြစ်တယ်။ ဒါပေမယ့် မကောင်းတဲ့အချက်က အသည်းကို ထိခိုက်နိုင်တာပါပဲ။ သောက်ဆေးလေးမျိုးရှိတဲ့အနက်မှာ သုံးမျိုးက အသည်းကို ထိနိုင်ပါတယ်။ တစ်မျိုးပဲ အသည်းမထိတာပါ။ ထိုးဆေးကတော့ ကျောက်ကပ်နဲ့ အာရုံကြော၊ အကြားအာရုံကို ထိခိုက်နိုင်ပါတယ်။ ဒီဆေးကို သောက်ဖို့အတွက် ဒီမိန်းကလေး ဝန်လေးတယ်ဆိုတာကို ကျွန်တော် လက်ခံပါတယ်။ ဘာကြောင့်လဲဆိုတော့ သူဟာ အသည်းရောဂါဖြစ်မှာစိုးလို့ ကာကွယ်ဆေးထိုးနေတဲ့ ကျန်းမာရေးအသိရှိတဲ့သူ ဖြစ်နေတာကိုး။ သောက်ရမယ့် ကာလကလည်း ခြောက်လတောင်ကြာမှာ၊ ခြောက်လထက်လျော့တဲ့ ကုထုံးကလည်း ယနေ့ထိ မပေါ်သေးဘူးဆိုတော့ သူ့အနေနဲ့ ထပ်ဆင့်ပြီးတော့ မေးတာက တီဘီဆေးကို ရက်တိုတိုနဲ့ ကုလို့မရဘူးလား။ တကယ်လို့များ ရက်တိုတိုနဲ့ဖြတ်ခဲ့ရင်ရော ဘယ်လိုဖြစ်မလဲဆိုတာကို မေးပါတယ်။ အဲဒီတော့ တီဘီဆေးကတော့ သောက်ပြီဆိုရင် ခြောက်လ၊ ဒါမှမဟုတ် ရှစ်လ။ သူ့ရဲ့ကုထုံးအလိုက် ကုရပါတယ်။ ကုတဲ့အခါမှာ သူ့ထက်လျှော့ပြီးတော့ ကုလို့မရပါဘူး။ တိကျစွာ၊ ပြည့်ဝစွာ ကုသရမှာ၊ သောက်ရမှာ ဖြစ်ပါတယ်။ ကြားထဲမှာ ဖြတ်ခဲ့မယ်ဆိုရင် လျှော့သောက်ခဲ့မယ်ဆိုရင်၊ သောက်တဲ့ အချိန်အဆမမှန်ခဲ့ဘူးဆိုရင် တီဘီမပျောက်တဲ့အပြင် ဆေးမတိုးတဲ့ တီဘီ (Multi Drug Resistance Tuberculosis-MDRTB) အဖြစ် ပြောင်းသွားမှာ ဖြစ်တယ်ဆိုတဲ့အကြောင်း သူ့ကို ရှင်းပြရပါတယ်။ ဆေးမတိုးတဲ့ တီဘီဆိုတာ သာမန်တီဘီဆေးတွေနဲ့ ကုလို့မတိုးတော့တဲ့ ဆေးယဉ်ပါးတဲ့ တီဘီပေါ့။ တစ်နည်းအားဖြင့်ဆိုရင်တော့ တီဘီပိုးက စဝင်ခါစမှာ တီဘီဆေးနဲ့ ကုလို့ရပေမယ့် ဆေးသောက်တဲ့သူ ဒါမှမဟုတ် ဆေးကုထုံးတစ်ခုခု ချွတ်ချော်ခဲ့ရင် ဆေးမတိုးတော့တဲ့ အပြင်းစားတီဘီအဖြစ်ကို ပြောင်းသွားတာဖြစ်ပါတယ်။ ဒီအချိန်မှာတော့ ကုသဖို့ အလွန်ခက်သွားပြီး ကုန်ကျစရိတ်တွေလည်း အလွန်များသလို ဆေးတွေကလည်း အရမ်းအရမ်းပြင်းလာတဲ့ အခြေအနေမျိုး ဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့်မို့လို့ တီဘီဆေးကို သောက်မယ်လို့ ဆုံးဖြတ်လိုက်ပြီဆိုရင် ပြတ်ပြတ်သားသားနဲ့ စိတ်တုံးတုံးချပြီးတော့ ပြီးပြတ်အောင် ကုရမယ့်အကြောင်း ရှင်းပြရပါတယ်။ အဲဒီတော့ တီဘီဆေးသောက်ရမယ့် ကုထုံးကိုတော့ သူက နားလည်သွားပါတယ်။

ဒါပေမယ့် ဘယ်လိုအခါကျရင် အသည်းကိုထိမလဲ၊ အသည်းကို ထိရင် ဘယ်လိုလက္ခဏာတွေ ပေါ်မလဲ။ ဒါဆိုရင် ဘယ်လိုလုပ်ရမလဲ စသဖြင့် ဆက်မေးပါတယ်။ ဒီနေရာမှာ အသည်းကို ဘယ်လိုထိခိုက်တယ်၊ ထိခိုက်ရင် ဘယ်လို လက္ခဏာတွေ ပေါ်လာမလဲ ရှင်းရင်တော့ရပေမယ့် ဆေးကျောင်းသားတစ်ယောက်ကို စာသင်သလိုမျိုး ဖြစ်နေမယ်။ တော်တော်လေးလည်း ရှုပ်ထွေးပြီး အချိန်လည်း တော်တော်ကြာမှာဖြစ်လို့ လူနာ တစ်ယောက်ကို အဲဒီလောက် အသေးစိတ်ရှင်းပြဖို့အတွက် ခက်ခဲတာ အမှန်ပါပဲ။ ဒါပေမယ့်လည်း တတ်နိုင်သလောက်တော့ နားလည်အောင် ရှင်းပြရတာပေါ့လေ။ အဲဒါကတော့ အသည်းကို ထိတယ်၊ မထိဘူး။ တီဘီဆေးနဲ့ တည့်တယ်၊ မတည့်ဘူးဆိုတာကတော့ ပုံမှန်မဟုတ်တဲ့ လက္ခဏာတွေ ပေါ်လာမယ်ဆိုရင် ပြန်လာပြဖို့ အရေးကြီးဆုံးအချက်အနေနဲ့ လူနာကို မှာရပါတယ်။ ဆေးမတည့်ဘူးဆိုရင်တော့ အရေပြား ယားယံ

ပါမောက္ခဦးဝင်းနိုင်
(အဆုတ်နှင့် ရင်ခေါင်းအထူးကုဆရာဝန်ကြီး)

လာမယ်၊ အနီစက်အကွက်တွေ၊ အဖုအပိမ့်တွေထွက်လာမယ် စတဲ့ တစ်ခုခု ထူးခြားမှုတွေ ဖြစ်လာမယ်။ နောက်တစ်ခုကတော့ များသောအားဖြင့် တီဘီဆေးတွေဟာ ပြင်းပါတယ်။ အဓိကအနေနဲ့ အသည်းကိုထိတာဆိုပေမယ့် ကျန်တဲ့ဘေးထွက်ဆိုးကျိုးတွေလည်း အနည်းနဲ့အများ ရှိပါတယ်။ ဆေးစသောက်ခါစ နှစ်ပတ်လောက်အတွင်းမှာတော့ ဒီလက္ခဏာတွေ ပိုပြီး ခံစားရတတ်တယ်။ ထူးထူးခြားခြား အရမ်းကို ပျို့လာမယ်၊ အန်လာမယ်၊ အစားအသောက်တွေ ပျက်လာမယ်။ အသားဝါလာပြီဆိုရင်တော့ သေချာပေါက် အသည်းကိုထိခိုက်နေပြီပေါ့။ ဒါကြောင့်မို့လို့ တစ်ခုခုထူးခြားရင်၊ ဆေးဒဏ်ကို မခံနိုင်ဘူးဆိုရင် ဆရာဝန်ကိုပြန်ပြဖို့ လိုပါတယ်လို့ ပြောရတယ်။

တစ်ခါတလေကျတော့လည်း အသေးစိတ်ရှင်းပြဖို့ ကျွန်တော်တို့မှာ ခက်ပါတယ်။ ဘာလို့လဲဆိုရင် အသေးစိတ်ရှင်းပြလေလေ လူနာကလည်း အဲဒီ အသေးစိတ်လက္ခဏာလေးတွေကို ပိုပြီး ဂရုစိုက်သူဖြစ်နေမယ်ဆိုရင် သူက ဆေးရဲ့ဘေးထွက်ဆိုးကျိုးတွေကိုပဲ ကြည့်ပြီး ဆေးကနေအသည်းကို ထိနေပြီလို့ မှတ်ယူပြီး ဒုက္ခများတတ်ပါတယ်။ ဒါကြောင့်မို့လို့ မခံနိုင်လောက်တဲ့ ထူးခြားမှုတစ်ခုခုရှိလာရင် ပြန်လာပြပါဆိုပြီးတော့ပဲ အလွယ်ပြောလေ့ရှိတာပါ။ ဒါပေမယ့် သူ့ကိုတော့ နားလည်နိုင်စွမ်းရှိတဲ့ လူနာအနေနဲ့ မှတ်ယူပြီးတော့ ရှင်းပြရတာ ဖြစ်ပါတယ်။ ဒီလောက်ရှင်းပြလိုက်တဲ့အခါမှာတော့ သူက တီဘီစစ်ဆေးမှုအကြောင်း၊ တီဘီဆေးသောက်ရမယ့် ကာလအပိုင်းအခြားနဲ့ ဘေးထွက်ဆိုးကျိုးတွေအကြောင်းကိုတော့ တော်တော်သဘောပေါက်သွားပါပြီ။

ဒါပေမယ့် နောက်ဆုံးမေးလိုက်တဲ့ မေးခွန်းကတော့ တစ်ကနေ ပြန်စသလိုဖြစ်သွားပါတယ်။ အဲဒါကတော့ တီဘီဆေးကို တီဘီမဟုတ်ဘဲ သောက်ခဲ့ရင် စောစောကပြောခဲ့တဲ့ ဆေးရဲ့ ဘေးထွက်ဆိုးကျိုးတွေကို ခံနိုင်တယ်ထားဦး၊ သူ့အတွက် နစ်နာမနေဘူးလားဆိုတဲ့ အချက်ဖြစ်ပါတယ်။ ရောဂါမရှိဘဲနဲ့ ဆေးသောက်ရတယ်ဆိုတဲ့ သဘောပေါ့လေ။ ဆိုလိုတာကတော့ တီဘီပိုးကို သလိပ်ထဲမှာ စစ်ထားတာ ဓာတ်ခွဲခန်းတစ်နေရာမှာတွေ့ပြီး တစ်နေရာမှာ မတွေ့တဲ့အချက်ကို ခုထိစိတ်ထဲမှာ မပြေလည်သေးတာဖြစ်ပါတယ်။ အထက်မှာ ရှင်းပြခဲ့တဲ့အတိုင်း သလိပ်ကိုပိုးမွေးတာ AFB Culture လုပ်တာ၊ PCR နည်းစနစ်နဲ့ စစ်ဆေးတာတွေကိုလည်း သူက လုပ်လိုဟန် မရှိပါဘူး။ ဒါကြောင့် နောက်ဆုံးမှာတော့ ကျွန်တော်က သူလက်ခံနိုင်မယ့်နည်းတစ်ခုကို ရှင်းပြရပါတယ်။ ပြည်သူလူထုထဲမှာ တီဘီပိုးဝင်ထားတဲ့သူ၊ ရောဂါဖြစ်တဲ့သူ အချိုးအစားကလေးတွေကို ရှင်းပြရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ တီဘီအဖြစ်များတဲ့နိုင်ငံ (High TB Burden Country) ၂၂ နိုင်ငံထဲမှာပါတဲ့ နိုင်ငံဖြစ်ပါတယ်။ ဆိုလိုတာက ပြည်သူလူထုထဲမှာ တီဘီရောဂါရှိတဲ့ဦးရေ များတယ်လို့ သတ်မှတ်ထားတဲ့ နိုင်ငံတွေထဲမှာ ပါဝင်တာဖြစ်ပါတယ်။ အဲဒီတော့ တီဘီရောဂါအဖြစ်များတဲ့နိုင်ငံမှာ တီဘီပိုးဝင်ထားခံရဖို့က များပါတယ်။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့အစည်း (W.H.O) ရဲ့ အဆိုအရ လူသုံးဦးမှာ တစ်ဦးက တီဘီပိုးဝင်ထားပြီးပြီလို့ ဆိုထားတာကြောင့် လူဦးရေအားလုံးရဲ့ သုံးပုံတစ်ပုံဟာ တီဘီပိုးဝင်ထားပြီးသားပါ။ ဒီနေရာမှာ တီဘီပိုးဝင်ထားတာ (Infection) နဲ့ တီဘီရောဂါ (TB Disease) ဖြစ်ထားတာ နှစ်ခုကွဲပြားတာကို ခွဲခြားသိဖို့ လိုပါတယ်။ ပိုးဝင်တယ်ဆိုတာက တီဘီပိုးက ခန္ဓာကိုယ်ထဲကို ဝင်ထားရုံပဲ ရှိပါတယ်။ ခန္ဓာကိုယ်ရဲ့ ကိုယ်ခံအားစနစ် (Immune System) က ပိုးတွေကို ထိန်းထားတာ ဖြစ်ပါတယ်။ ရောဂါမဖြစ်ပါဘူး။ ဘာလက္ခဏာမှလည်း မပြပါဘူး။ ဒီလိုနဲ့ပဲ ရောဂါဟာ ငုပ်နေတယ်၊ မြုံနေတယ်ဆိုပါစို့။ ဒါပေမယ့် အကြောင်းတစ်ခုခုကြောင့် တီဘီပိုးဝင်ထားတဲ့သူဟာ ကိုယ်ခံအားနည်းလာလို့သော်လည်းကောင်း၊ အခြေအနေတစ်ခုခု ထူးခြားလာလို့သော်လည်းကောင်း၊ ဥပမာအားဖြင့် စတီးရွိုက်ဆေးတွေ သောက်တာကြောင့်သော်လည်းကောင်း၊ ဒါမှမဟုတ် ခန္ဓာကိုယ်ရဲ့ ကိုယ်ခံစွမ်းအားကျစေတဲ့ အကြောင်းအရင်းဖြစ်တဲ့ ဖျားနာတာ၊ အစားအသောက်မမှန်တာ၊ အအိပ်အနေအထိုင် မမှန်တာ စသည်ဖြင့် တစ်ခုခုဖြစ်လာခဲ့ပြီဆိုရင် စောစောက မြုပ်နေတဲ့၊ ငုပ်နေတဲ့ပိုးက ပိုးဝင်နေတဲ့အဆင့်မှာ မနေတော့ဘဲနဲ့ ရောဂါဖြစ်တဲ့အဆင့်ကို ရောက်ရှိလာပါတယ်။ တီဘီပိုးဝင်တဲ့အဆင့်မှသည် တီဘီရောဂါအဖြစ်ကိုပြောင်းသွားပါတယ်။ ဒီလိုပြောင်းတာက အသက်ကြီးလာလေလေ၊ ကိုယ်ခံအားကျဆင်းလေလေ၊ ပိုပြီးတော့ ပြောင်းဖို့ မြန်လေလေဖြစ်ပါတယ်။ လူတစ်ယောက်ဟာ ပိုးဝင်ထားတာ၊ မဝင်ထားတာကို သိဖို့ခက်သလို ရောဂါဖြစ်တဲ့အဆင့်ကိုလည်း ဘယ်အချိန်ရောက်မလဲဆိုတာ မခန့်မှန်းနိုင်ဘူး။ အချိန်မရွေး တီဘီရောဂါက ဖြစ်လာနိုင်တယ်ဆိုတဲ့အချက်ရှိပါတယ်။ ဒီတော့ ဒီနေရာမှာ သလိပ်တီဘီပိုး စစ်ထားတဲ့ စစ်ချက်မှားခဲ့ရင်တောင်မှ သူ့မှာ ချောင်းဆိုးတာရှိသေးတယ်။ ဓာတ်မှန်မှာလည်း ပိုးဝင်နေတယ်လို့ အဖြေပေးထားသေးတယ်။ ဒီအချက်တွေနဲ့ ပြန်ကြည့်လိုက်မယ်ဆိုရင် သောက်သင့်နေတယ်ဆိုတာ မြင်သာတာပေါ့။ ဒါကြောင့် ဒီကလေးမကို ဆေးသောက်ဖို့ ထပ်မံနားချရပါတယ်။ ဒါနဲ့ပဲ နောက်ဆုံးမှာတော့ သူမ လက်ခံသွားပြီး တီဘီဆေးသောက်ပါတယ်။ ကျွန်တော့်ဆီလည်း ပြန်လာပြပါတယ်။ ဘေးထွက်ဆိုးကျိုး တစ်စုံတစ်ရာမှလည်း ပြင်းပြင်းထန်ထန် ခံစားရမှုမရှိပါဘူး။ ချောင်းဆိုးလည်း ပျောက်သွားပါပြီ။ အစားအသောက်လည်း ကောင်းနေပါတယ်။ သူမလည်း တီဘီဆေးသောက်ရတာကို ကျေကျေနပ်နပ် ဖြစ်နေပါပြီ။

ဒါကြောင့် ဒီကလေးမလေးရဲ့ ဖြစ်ရပ်ကို သုံးသပ်ကြည့်ပြီး ကျွန်တော် နိဂုံးချုပ်ရရင်တော့ ချောင်းဆိုးတာ နှစ်ပတ်ထက်ကျော်လာရင် တီဘီရောဂါလားလို့ သံသယရှိပါ။ သလိပ်မှာ ပိုး ရှိ၊ မရှိ စစ်သင့်ပါတယ်။ ပိုးတွေ့တယ်၊ မတွေ့ဘူးဆိုတာနဲ့ ရောဂါရှိတယ်၊ မရှိဘူးဆိုတာကို သေချာကြီးတော့ တိတိကျကျ ပြောလို့မရပါဘူး။ ဓာတ်မှန်ကိုရိုက်ကြည့်မယ်ဆိုရင် ရိုက်လို့ရပါတယ်။ ဓာတ်မှန်ဟာ တီဘီရောဂါလို့ သတ်မှတ်တဲ့နေရာမှာ အထောက်အကူပြုတာတော့ မှန်ပါတယ်။ ဓာတ်မှန်မှာ အဆုတ်က ပိုးဝင်တယ် ရေးထားရုံနဲ့တော့ တီဘီမဟုတ်ဘူး၊ ဟုတ်တယ်ဆိုတာ ပြောနိုင်မှာမဟုတ်ပါဘူး။ နောက်တစ်ချက်က တီဘီပိုးဟာ လူဦးရေ သုံးပုံတစ်ပုံမှာ ဝင်ထားပြီးသားဖြစ်တဲ့အတွက် တခြားစစ်ဆေးမှုတွေ၊ တခြားရောဂါလက္ခဏာတွေကြောင့် တီဘီလို့ သံသယရှိခဲ့ရင်တောင် တီဘီဆေးဟာ ပေးသင့်တဲ့၊ ပေးထိုက်တဲ့ ကုထုံးတစ်ခုဖြစ်ကြောင်း ပြောကြားလိုပါတယ်။ နောက်တစ်ချက်က ဓာတ်ခွဲခန်းတွေအနေနဲ့ အဖြေမှန်တယ်၊ မမှန်ဘူးဆိုတဲ့အချက်ဟာ ဓာတ်ခွဲခန်းကို ပေးပို့တဲ့ သလိပ်ရဲ့ အခြေအနေပေါ်မှာလည်း မူတည်ပါတယ်။ နောက်ဆုံး ပြောချင်တာကတော့ တီဘီရောဂါကင်းစင်ဖို့ တစိုက်မတ်မတ်နဲ့ အားသွန်ခွန်စိုက် ဆောင်ရွက်ပေးနေတဲ့ အမျိုးသားတီဘီတိုက်ဖျက်ရေးလုပ်ငန်းစဉ် (National TB Program) မှ ဝန်ထမ်းများကို လေးစား ဂုဏ်ယူမိပါကြောင်း ပြောကြားရင်းနဲ့ ပြည်သူလူထုတစ်ရပ်လုံး တီဘီရောဂါမှ ကင်းဝေးနိုင်ကြပါစေကြောင်း ဆန္ဒပြုလိုက်ရပါတယ်။ ။

မြဝတီရုပ်မြင်သံကြား

၂၀-၄-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၅ ၃။ တရားတော်
- ၇:၁၅ ၄။ ဓမ္မပူဇာတေး
- ၇:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၆။ မြန်မာ့ရှုခင်း
- ၇:၃၀ ၇။ မြန်မာသံစဉ် ချိုနှားဝင်
- ၇:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၁၀ ၃။ နိုင်ငံတော်သီချင်း
- ၄:၁၅ ၄။ အဖွင့်သီချင်း
- ၄:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၃၅ ၆။ လျှပ်တစ်ပြက်
- ၄:၄၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၅၀ ၈။ ရှေးဟောင်းသုတ
- ၅:၀၀ ၉။ အားလုံးရဲ့တာဝန်
- ၅:၂၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၅၇)
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၄။ Mail Box
- ၆:၃၅ ၁၅။ ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၁၄)
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း-၇၉) ဇာတ်သိမ်း
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ဦးတည်ချက်(၁၂)ရပ်
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ ရယ်စရာပျော်စရာဟာသကမ္ဘာ **ဒစ်ဂျစ်တယ်ဖူးစာ** မိုးခန့်၊ ကျော်ထူး၊ ပေါ်လေး၊ ချက်ကြီး၊ တက္ကသိုလ်ဌမ်းပုံနှင့် သရုပ်ဆောင်များ [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)]
- ၂၃။ အိုင်စီတီသုတ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပန်းနုရောင် ချစ်အိပ်မက်** (အပိုင်း -၁၂)
- ၂၆။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်
- ၂၇။ သင့်အတွက်မနက်ဖြန်
- ၂၈။ အပိတ်နှုတ်ဆက်စကား
- ၂၉။ ပြီးပါပြီ။

20-4 (10).pmd 1 4/20/2011, 1:58 AM

နေ့ရာသီ အားကစား သင်တန်းဆင်း

ပင်းတယ ဧပြီ ၁၉

ပင်းတယမြို့နယ် အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူးဖွင့်လှစ်သော နေ့ရာသီအားကစားသင်တန်းဆင်းပွဲကို ဧပြီ ၁ရက် မွန်းလွဲ ၂ နာရီက ပင်းတယမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ရှေးဦးစွာ ခရိုင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးထူးကိုကိုက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို အားကစားနည်းအလိုက် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် သင်တန်းဆရာဆရာမများအား ဂုဏ်ပြုလက်ဆောင်ကို ခရိုင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးစိုးနိုင်က ပေးအပ်ချီးမြှင့်သည်။

သင်တန်းသို့ အားကစားနည်း ခြောက်မျိုးမှ သင်တန်းသား သင်တန်းသူ ၆၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်အား/ကာ)**

စာအုပ်စာပေ လူ့မိတ်ဆွေ

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း နှစ်သစ်အကြိုလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁၉

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း လူငယ်အဖွဲ့၏ နှစ်သစ်အကြိုလှူဒါန်းပွဲကို ဧပြီ ၁၂ ရက်က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန ကျိုက်ဝိုင်းလူငယ် သင်တန်းကျောင်း၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် လူမှုဝန်ထမ်းဦးစီးဌာန ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း ကျောင်းအုပ်ကြီးဦးစိုးလွင်က လူငယ်သင်တန်းကျောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း အတွင်းရေးမှူး ဒေါ်နှင်းဝေက အသင်းလူငယ်အဖွဲ့မှ နှစ်သစ်အကြိုလှူဒါန်းပွဲ ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

လက်ခံယူ

ဆက်လက်၍ သင်တန်းကျောင်းအတွက် တစ်ကိုယ်ရေ သန့်ရှင်းရေးသုံးပစ္စည်းများ၊ အဝတ်အထည်၊ မုန့်နှင့် ငွေပဒေသာပင်အတွက် အလှူငွေတို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီး ဦးစိုးလွင်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း)**

မြန်မာ့အလင်း မှုခင်းသတင်း

တောင်တွင်းကြီးမြို့၌ ကားနှင့်ဆိုင်ကယ်တိုက်

တောင်တွင်းကြီး ဧပြီ ၁၉

တောင်တွင်းကြီးမြို့ မြို့မဈေးအနီး၌ ဧပြီ ၁၄ ရက် ညနေ ၄ နာရီခွဲခန့်က မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်တစ်စီး တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မောင်မင်းဇော်ဦး အသက်(၃၂)နှစ် (အဖ)ဦးခင်မောင်သိန်း တောင်တွင်းကြီးမြို့နယ် ချောက်ကြားရွာနေသူသည် မောင်သန်းထိုက်အောင် အသက်(၂၃)နှစ်(အဖ)ဦးဝင်းမြင့် ရွှေအိုး(၂)ရပ်ကွက်နေသူအား တင်ဆောင်၍ အမ်ဘိုအမျိုးအစား မော်တော်ဆိုင်ကယ်ယာဉ်အမှတ် ၁၉ယ/---- ဖြင့် မြို့မဈေး မြောက်ဘက်လမ်းအတိုင်း မောင်းနှင်လာပြီး ရွှေလမင်းရုပ်ရှင်ရုံလမ်းထဲ ချိုးကွေ့စဉ် ယာဉ်မောင်း မျိုးတင့် အသက်(၃၀) မောင်းနှင်လာသော မော်တော်ယာဉ် အမှတ် ၃က/----နှင့် တိုက်မိခြင်းဖြစ်သည်။ ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်နောက်မှ စီးနင်းလိုက်ပါလာသည့် မောင်သန်းထိုက်အောင်မှာ ဦးခေါင်းယာဘက်ခြမ်း ပေါက်ပြဲဒဏ်ရာနှင့် ယာဘက်နားပြတ်ရှဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။ ဒဏ်ရာရရှိသူကို သက်ဆိုင်ရာမှ ဆေးရုံသို့တင်ပို့ပေးခဲ့ပြီး ယာဉ်တိုက်မှုအား စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၁၁၇)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဧပြီ ၁၉

ဦးကျော်မင်းသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ ဖေဖော်ဝါရီ ၂၇ ရက်က ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၅)၌ ကိုက် ၁၅၀ အကွာမှ Srixon No.1 ဂေါက်သီးကို Mizuno Iron No.7 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ဦးစိုးသန်းထွန်း၊ ဦးမျိုးအောင်၊ ဦးညီညီအောင်နှင့် ဦးဖိုးချိုတို့အတူ ကစားလျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင်

အကြိမ် (၃၀)မြောက် ဟောင်ကောင်ရုပ်ရှင်ထူးချွန်ဆုပေးပွဲ

ရေးသားသူ - မြင့်မောင်စိုး

ဟောင်ကောင် ဧပြီ ၁၉

မြန်မာရုပ်ရှင်ချစ်ပရိသတ်များအကြားလူကြိုက်များလျက်ရှိသည့် နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများတွင် ဟောင်ကောင်ရုပ်ရှင်ကားများလည်း အပါအဝင်ဖြစ်သည်။

အမျိုးသား ဇာတ်ပို့ ဆုရှင်

Gallants ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသား ဇာတ်ပို့ဆုကို ဆွတ်ခူး ရရှိခဲ့သည့် ဟောင်ကောင် ရုပ်ရှင် မင်းသား တက်ဒီရော်ဘင်။ (အင်တာနက်ဓာတ်ပုံ)

အကြိမ် (၃၀)မြောက် ဟောင်ကောင်ရုပ်ရှင်ထူးချွန်ဆုပေးပွဲကြီးကို ဧပြီ ၁၇ ရက်ကကျင်းပရာ အကောင်းဆုံးရုပ်ရှင်သရုပ်ဆောင်အမျိုးသားဆုကို နီကိုလတ်တီဆေးက ဆွတ်ခူးရရှိပြီး အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို ကရီနာလောက ဆွတ်ခူးရရှိသွားသည်။

အမျိုးသားဇာတ်ဆောင်ဆု

နီကိုလတ်တီဆေးသည် "The Stool Pigeon "ဇာတ်ကားတွင် ဇာတ်ကောင်စရိုက်ကို ပီပြင်စွာ သရုပ်ဆောင်နိုင်ခဲ့ခြင်းကြောင့် အကြိမ်(၃၀)မြောက် ဟောင်ကောင် ရုပ်ရှင်ထူးချွန်ဆုပေးပွဲကြီးတွင် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးသရုပ်ဆောင်ကရီနာလောသည် Detective Dee And The Mystery Of The Phantom Flame ဇာတ်ကားတွင် ဇာတ်ကောင်စရိုက်ကို ထိထိမိမိ သရုပ်ဆောင်နိုင်ခဲ့ခြင်းကြောင့် ယခုနှစ်အတွက် အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

အမျိုးသားဇာတ်ပို့ဆု

ဟောင်ကောင်ရုပ်ရှင်မင်းသား တက်ဒီရော်ဘင်သည် Gallants ဇာတ်ကားတွင် ဇာတ်လမ်း၏အထွတ်အထိပ်သို့ ရောက်အောင်ပို့ဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် ယခုနှစ်အတွက် အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ ယခုနှစ် ဆုပေးပွဲတွင် အမျိုးသမီးဇာတ်ပို့ဆု ဆွတ်ခူးနိုင်မှုကို မတွေ့ရပေ။

ဇာတ်ကားဆု

ဟောင်ကောင်ရုပ်ရှင်ထုတ်လုပ်သူ ဂေါ်ဒန်လမ်ကာတန်သည် Gallants ဇာတ်ကားဖြင့် အကောင်းဆုံးဇာတ်ကားဆု ဆွတ်ခူးနိုင်ခဲ့သည်။ ဟောင်ကောင်ဒါရိုက်တာ ဖလစ်ချောင်းသည် Once A Gangster ဇာတ်ကားဖြင့် အကောင်းဆုံးဒါရိုက်တာဆု ဆွတ်ခူးနိုင်ခဲ့သည်။ ***(အင်တာနက်)***



အမျိုးသမီး ဇာတ်ဆောင် ဆုရှင်

Detective Dee And The Mystery Of The Phantom Flame ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင် ဆုရှင် ကရီနာလော။ (အင်တာနက်ဓာတ်ပုံ)

အကောင်းဆုံးအမျိုးသားရုပ်ရှင်သရုပ်ဆောင်ဆု

"The Stool Pigeon "ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသား ရုပ်ရှင်သရုပ်ဆောင်ဆုကို ဆွတ်ခူးသွားသော နီကိုလတ်တီဆေး။ (အင်တာနက်ဓာတ်ပုံ)

မြန်မာရုပ်ရှင်ချစ်ပရိသတ်များအကြားလူကြိုက်များလျက်ရှိသည့် နိုင်ငံခြား ရုပ်ရှင်ဇာတ်ကားများတွင် ဟောင်ကောင်ရုပ်ရှင်ကားများလည်း အပါအဝင်ဖြစ်။

နိုင်ငံတကာအားကစား

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

မောင်ချစ်ကြည် - စုစည်းသည်

အားကစားသတင်းအတိုအထွာ

✳ ဘာစီလိုနာ အိုးပင်းတင်းနစ်ပြိုင်ပွဲကို စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ဧပြီ ၁၈ ရက်က ယှဉ်ပြိုင်ကစားရာ စပိန်တင်းနစ်ကစားသမား မွန်တာနက်စ်က ရုရှားတင်းနစ်ကစားသမား ဂါဘက်ဗီလီအား ၆-၂၊ ၆-၂ ဖြင့် နှစ်ပွဲပြတ်အနိုင်ရရှိခဲ့သည်။

✳ ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် ကျင်းပနိုင်ရေးအတွက် ရုရှားနိုင်ငံအနေဖြင့် အမေရိကန်ဒေါ်လာ ငါးဘီလီယံခန့်လိုအပ်မည်ဖြစ်ကြောင်း ရုရှားအားကစားဝန်ကြီး ဗီတာလီမူတိုက ဧပြီ ၁၉ ရက်၌ ပြောကြားသည်။

✳ စပိန်လာလီဂါ၌ ယခုနှစ်ဘောလုံးရာသီအတွက် ပွဲစဉ် ၃၂ ပွဲကစားပြီးချိန်တွင် ဘာစီလိုနာတိုက်စစ်မှူး မက်ဆီက ဂိုး ၃၀ သွင်းထားပြီး ထိပ်ဆုံး၌ရပ်တည်နေကာ ရီးရဲမက်ဒရစ် တောင်ပံတိုက်စစ်မှူး စီရိုနယ်ဒိုက ၂၉ ဂိုးသွင်းပြီး ဒုတိယနေရာ၌ ရပ်တည်နေသည်။

✳ တရုတ်နိုင်ငံ ပေကျင်းမြို့၌ ဘာစီလိုနာဘောလုံးအသင်း၏ အမှတ်တရပစ္စည်းအရောင်းဆိုင်ကို မကြာမီဖွင့်လှစ်မည်ဖြစ်ကြောင်း ဘာစီလိုနာကလပ်မှ ဧပြီ ၁၉ ရက်၌ သတင်းထုတ်ပြန်သည်။

✳ အာရှအလေးမ ချန်ပီယံပြိုင်ပွဲကို တရုတ်နိုင်ငံ၌ ဆက်လက်ကျင်းပလျက်ရှိရာ အမျိုးသား ၁၀၅ ကီလိုတန်း၌ တရုတ်အလေးမ အားကစားသမား ယန်ကျီက စုစုပေါင်း ၄၀၃ ကီလိုဂရမ် မပြီး ပထမရရှိခဲ့သည်။

✳ အီတလီစီးရီးအေ၌ ယခုနှစ်ဘောလုံးရာသီတွင် ပွဲစဉ် ၃၂ ပွဲကစားပြီးနောက် ဂိုးအများဆုံးသွင်းယူထားသူမှာ အူဒီးနီးစ်အသင်းမှ တိုက်စစ်မှူး ဒီနာတယ်လီဖြစ်ပြီး ၂၆ ဂိုးသွင်းယူထားသည်။

✳ ၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ် မာရသွန်အပြေးပြိုင်ပွဲ ဥက္ကဋ္ဌ ဒေးဗစ်ဘက်ဖို့ဒ် ရာထူးမှ နုတ်ထွက်သွားသည်။ ၎င်းသည် အခြားအားကစားအဖွဲ့များနှင့် ပေါင်းစပ်လုပ်ကိုင်ရာတွင် အခက်အခဲများနှင့် ကြုံတွေ့ရ၍ဖြစ်ကြောင်း ပြောကြားသည်။ (အင်တာနက်)

ဒဗလျူဘီအေ ချန်ပီယံ လက်ဝှေ့ပွဲ အမီရာခန်း ဒိုင်ပွဲရပ်အနိုင်ရ

မန်ချက်စတာ ဧပြီ ၁၉

ဗြိတိန်နိုင်ငံ မန်ချက်စတာမြို့၌ ဒဗလျူဘီအေချန်ပီယံ လက်ဝှေ့ထိုးသတ်ပွဲအဖြစ် လက်ရှိချန်ပီယံအမီရာခန်းနှင့် စိန်ခေါ်သူ မက်ကလော့ကီးတို့ ဧပြီ ၁၈ ရက်က ယှဉ်ပြိုင်ထိုးသတ်ရာ အမီရာခန်းက ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိသွားသည်။ **(အပေါ်ပုံ)**

အနိုင်ပေးခဲ့

အမီရာခန်းသည် မက်ကလော့ကီးအား ခြောက်ချီအရောက်တွင် ကြမ်းပြင်ပေါ်သို့ လဲကျအောင် ထိုးသတ်နိုင်ခဲ့သည်။ မက်ကလော့ကီးက ပွဲချီပြည့်သည်အထိ ဆက်လက်ထိုးသတ်လိုသော်လည်း ကြိုးဝိုင်းဒိုင်လူကြီး လူးဝစ်ပါဘွန်က အမီရာခန်းအား ဒိုင်ပွဲရပ်ဖြင့် အနိုင်ပေးခဲ့ခြင်းဖြစ်သည်။

စိန်ခေါ်ထိုး

အမီရာခန်းသည် ဒဗလျူဘီအေ ချန်ပီယံကို လေးကြိမ်မြောက် ကာကွယ်ပွဲထိုးသတ်နိုင်ခဲ့ခြင်းဖြစ်သည်။ ယခုပွဲ အနိုင်ထိုးသတ်ခဲ့ပြီးနောက် ဒဗလျူဘီစီနှင့် ဒဗလျူဘီအို လိုက်ဖ်ဝယ်သာဝိတ်တန်း ချန်ပီယံဘရက်ဒ်လေအား စိန်ခေါ်ထိုးသတ်ပြီး ချန်ပီယံခါးပတ်များရယူလိုကြောင်း ထုတ်ဖော်ပြောကြားသည်။

(အင်တာနက်)

မောင်မောင်မြင့်ဆွေ ရေးသားသည်

ရုရှားအလေးမမယ် ကမ္ဘာ့စံချိန်နှစ်ခုချိုးနိုင်

မော်စကို ဧပြီ ၁၉

ရုရှားနိုင်ငံ ကာဇန်မြို့၌ ကျင်းပလျက်ရှိသည့် ဥရောပ အလေးမချန်ပီယံပြိုင်ပွဲတွင် ရုရှားအလေးမမယ် တာတီရာနာကာရှီရီနာက ကမ္ဘာ့စံချိန်နှစ်ခုကို ချိုးနိုင်ခဲ့ကြောင်း ဥရောပအလေးမအဖွဲ့ချုပ်က ဧပြီ ၁၉ ရက်က သတင်းထုတ်ပြန်သည်။

စံချိန်ချိုး

သူမသည် အမျိုးသမီး ၇၅ ကီလိုတန်းအလေးမပြိုင်ပွဲ၌ ၁၄၆ ကီလိုဂရမ်မပြီး အနိုင်ရရှိခဲ့သည်။ ပြီးခဲ့သည့်နှစ်က တူရကီနိုင်ငံ အန်ကာရာမြို့တွင်ကျင်းပခဲ့သည့် နိုင်ငံတကာအလေးမပြိုင်ပွဲ၌ သူမကိုယ်တိုင်တင်ထားခဲ့သည့် ၁၄၅ ကီလိုဂရမ်စံချိန်ကို ချိုးနိုင်ခဲ့ခြင်းဖြစ်သည်။

သူမသည်စုစုပေါင်း ၃၂၇ ကီလိုဂရမ်ကိုလည်း မနိုင်ခဲ့သဖြင့် ယခင်က ကမ္ဘာ့စံချိန်ဖြစ်သည့် တောင်ကိုရီးယားအလေးမမယ်ဂျန်မီရန်၏ ၃၂၆ ကီလိုဂရမ် ကမ္ဘာ့စံချိန်ကိုလည်း ချိုးနိုင်ခဲ့ကြောင်း သိရသည်။ တောင်ကိုရီးယားအလေးမမယ် ဂျန်မီရန်သည် ၂၀၀၈ ပေကျင်းအိုလံပစ်ပြိုင်ပွဲ၌ ၎င်းစံချိန်ကို တင်ထားခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

အာဖရိကဘောလုံးကြယ်ပွင့်များနှင့် ချယ်လ်ဆီးအသင်း ချစ်ကြည်ရေးပွဲကစားမည်

အက်ရာ ဧပြီ ၁၉

ဂါနာနိုင်ငံနှင့် ချယ်လ်ဆီးအသင်းတို့ပူးပေါင်း၍ လာမည့်မေလအတွင်း ချစ်ကြည်ရေးခြေစမ်းပွဲတစ်ပွဲ ကစားရန်စီစဉ်နေကြောင်း ဂါနာဘောလုံးအဖွဲ့ချုပ်က ဧပြီ ၁၉ ရက်၌ သတင်းထုတ်ပြန်သည်။

ဂါနာအပါအဝင် အာဖရိကနိုင်ငံများမှ ကမ္ဘာကျော်ထိပ်တန်းကစားသမားအများစုမှာ ပရီမီယာလိဂ်၊ လာလီဂါနှင့် စီးရီးအေကလပ်များတွင် ပါဝင်ကစားလျက်ရှိရာ ၎င်းကစားသမားများသည် ယခုပွဲ၌ ပါဝင်ကစားကြမည် ဖြစ်သည်။

ချယ်လ်ဆီးအသင်းနှင့်အတူ ကမ္ဘာကျော်ဘောလုံးသမားများပါဝင်ကြမည်ဖြစ်ရာ အသင်းခေါင်းဆောင်အဖြစ် နောက်ခံလူ အက်ရှ်လေကိုးက တာဝန်ယူမည်ဖြစ်သည်။

အာဖရိကကိုယ်စားပြုအသင်းတွင် အီတူး၊ ဒရော့ဘာ၊ ကနူး**(အောက်ပုံ)**၊ကိုလိုတိုရေး၊ ယာယာတိုရေး၊ ကာလူး၊ အဆာမို့ဂျန်၊ ရစ်ချပ်ကင်းဆမ်၊ ယာကူဘူစသည့် ကစားသမားများ ပါဝင်မည်ဖြစ်သည်။ **(အင်တာနက်)**



မြင့်မောင်စိုး-စုစည်းသည်

အီတလီလူငယ်ဂေါက်သီးကစားသမား မလေးရှားအိုးပင်းဖလားဆွတ်ခူး



ကွာလာလမ်ပူ ဧပြီ ၁၉

အီတလီလူငယ်ဂေါက်သီးကစားသမား မက်တီယိုမာနက်ဆီယို**(ယာပုံ)**သည် မလေးရှားအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပြင်သစ်ဂေါက်သီးကစားသမား ဂရီဂိုရီဘော်ဒီထက် တစ်ချက်အသာရပြီး ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါ ပြိုင်ပွဲတွင် အိုင်ယာလန်ဂေါက်သီးကစားသမား ရိုရီမက်ရှိုင်းသည် တတိယနေ့တွင် ပြိုင်ဘက်များကို ဦးဆောင်နေရာမှ နောက်ဆုံးရက်ပြိုင်ပွဲတွင် စုစုပေါင်း ၁၄ ချက်သာ လျှော့ရိုက်နိုင်ခဲ့သဖြင့် ဖလားလက်လွတ်ခဲ့ရသည်။ မာနက်ဆီယိုသည် ယင်းပြိုင်ပွဲတွင် စုစုပေါင်း ၁၆ ချက် လျှော့ရိုက်ပြီး ဖလားဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဆွတ်ခူး

မာနက်ဆီယိုသည် ယင်းဆုဖလားကို ဆွတ်ခူးနိုင်ခြင်းဖြင့် သူ၏အသက် ၁၈ နှစ်ပြည့် မွေးနေ့လက်ဆောင်အဖြစ် ဆွတ်ခူးလိုက်ခြင်းလည်းဖြစ်သည်။ ၎င်းသည် ယင်းဖလားနှင့်အတူ ဆုကြေးငွေ ပေါင် ၂၅၅၀၇၅ ပေါင်လည်း ရရှိခဲ့သည်။ **(အင်တာနက်)**

ကိုပါဒယ်ရေးဖလားလုပွဲ ပူယိုးလ်လွဲချော်နိုင်

မက်ဒရစ် ဧပြီ ၁၉

ဘာစီလိုနာအသင်းခေါင်းဆောင် ပူယိုးလ်သည် လာလီဂါထိပ်တန်းပြိုင်ဘက် ရီးရဲမက်ဒရစ်နှင့်ယှဉ်ပြိုင်ကစားမည့် ကိုပါဒယ်ရေး ဖလားလုပွဲတွင် ပါဝင်နိုင်ဖွယ်မရှိကြောင်း ၎င်းကလပ်က ဧပြီ ၁၉ ရက်၌ သတင်းထုတ်ပြန်သည်။

နောက်တန်းကစားသမား ပူယိုးလ်သည် ပြီးခဲ့သည့် ဧပြီ ၁၆ ရက်က ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် တံကောက်ကြောထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ယင်းပွဲသည် ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့ ၁၈ ရက်အတွင်း လေးကြိမ်ဆုံတွေ့ကစားမည့် ပထမဆုံး ပြိုင်ပွဲဖြစ်သည်။ ပူယိုးလ်သည် ဇန်နဝါရီ ၂၃ ရက်က ဒူးခေါင်းဒဏ်ရာရပြီးနောက် ပထမဆုံး ပါဝင်ကစားသည့်ပွဲလည်း ဖြစ်သည်။ သို့သော် ပူယိုးလ်သည် ပွဲချိန် ၅၈ မိနစ်တွင် ဒဏ်ရာရပြီး ကွင်းထဲမှ ထမ်းစင်ဖြင့် ထွက်ခွာသွားခဲ့ရသည်။ သို့သော် ပူယိုးလ်သည် ဒဏ်ရာမပြင်းထန်သည့်အတွက် အမြန်ဆုံးပြန်လည်ကစားနိုင်လိမ့်မည်ဖြစ်ကြောင်း ဘာစီလိုနာနည်းပြ ဂွါဒီယိုလာက ပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘာ့နံပါတ်တစ် ရာဖေးလ်နာဒယ် မွန်တီကာလိုဖလားဆွတ်ခူး

မွန်တီကာလို ဧပြီ ၁၉

စပိန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် မွန်တီကာလိုတင်းနစ်ပြိုင်ပွဲတွင် တစ်နိုင်ငံတည်းသား ဒေးဗစ်ဖာရာအား အနိုင်ရပြီး မွန်တီကာလိုဖလားကို ခုနစ်ကြိမ်မြောက် ဆွတ်ခူးရရှိသွားခဲ့သည်။

ထိန်းထား

ရာဖေးလ်နာဒယ်သည် ယင်းအနိုင်ပွဲကို ရရှိလိုက်ခြင်းမှာ ၂၀၀၉ ခုနှစ်နောက်ပိုင်း မြက်ခင်းကွင်းပြိုင်ပွဲတွင် ရှုံးပွဲမရှိစံချိန်ကိုလည်း ဆက်လက်ထိန်းထားနိုင်ခဲ့သည်။

စံချိန်တင်

ကမ္ဘာ့နံပါတ်တစ် ရာဖေးလ်နာဒယ်သည် ပြိုင်ပွဲတွင် အမှားများခဲ့သော်လည်း ၃၇ ပွဲဆက်တိုက်ရှုံးပွဲမရှိစံချိန်ကို တင်နိုင်ခဲ့သည်။

(အင်တာနက်)

လန်ဒန်မာရသွန်ပြိုင်ပွဲ ကင်ညာနိုင်ငံသားများဗိုလ်စွဲ

လန်ဒန် ဧပြီ ၁၉

ခရီးမိုင်ပေါင်း ၂၆ ဒသမ ၂ မိုင်ရှည်လျားသည့် လန်ဒန်မာရသွန်ပြိုင်ပွဲကြီးသည် ကမ္ဘာ့အရှည်ဆုံး မာရသွန်ပြိုင်ပွဲကြီးဖြစ်သည်။

ပန်းဝင်ဗိုလ်စွဲ

ယင်းပြိုင်ပွဲကြီးသို့ ထောင်ပေါင်းများစွာသော ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်ကြရာ အမျိုးသားပြိုင်ပွဲတွင် ကင်ညာနိုင်ငံမှ အီမာနျူရယ်မွန်တိုင်း**(ယာပုံ)**က စံချိန် ၂ နာရီ ၄ မိနစ်နှင့် ၃၉ စက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲခဲ့သည်။

အမျိုးသမီးပြိုင်ပွဲတွင်မူ ကင်ညာနိုင်ငံသူ မာရီကိုတာနီက စံချိန် ၂ နာရီ ၁၉ မိနစ်နှင့် ၁၇ စက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲခဲ့သည်။ သူမသည် လန်ဒန်မာရသွန်သမိုင်းတစ်လျှောက် စတုတ္ထအမြန်ဆုံး အပြေးချန်ပီယံဖြစ်လာခဲ့သည်။ ယင်းမာရသွန်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ပေါင်း ၃၆၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ပျော်ဘွယ်မြို့နယ်အတွင်း စိုက်ပျိုးရေပေးဝေလျက်ရှိသည့် အေးသာယာရေလွှဲဆည်

သတင်းခရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း-အောင်သန်း (မင်္ဂလာတောင်ညွန့်)

နေပြည်တော် ဧပြီ ၁၉

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးနှင့် ဒေသဝမ်းစာ ဖူလုံရေး၊ စိုက်ပျိုးရေရရှိရေးတို့အတွက် ဒေသခံကျေးရွာများမှ တူးဖော်တည်ဆောက်ထားသည့် ဆည်ငယ်၊ ကန်ငယ်များကို ပြန်လည်ပြုပြင်ပေးလျက်ရှိရာ နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်မှ ဆည်မြောင်းဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ရမည်းသင်းခရိုင်အတွင်း ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဆည်ငယ်၊ ကန်ငယ် ၆၂ကန်ကို ပြန်လည်ပြုပြင်ပေးလျက်ရှိသည်။ အဆိုပါ ဆည်ငယ်၊ ကန်ငယ် ၆၂ခု အနက် ၂၀၀၉-၂၀၁၀ ခုနှစ်အတွင်း ဆည်ငယ်၊ ကန်ငယ်ကိုးခုကို အချိန်တိုကာလအတွင်း ပထမအဆင့်ဖြင့် ပြန်လည်ပြုပြင်ပေးခဲ့ပြီးဖြစ်သည်။

သွားရောက်လေ့လာ

ရမည်းသင်းမြို့နယ်အတွင်း ကန်လေးကန်၊ ပျော်ဘွယ်မြို့နယ်အတွင်း ဆည်ငယ်သုံးခုနှင့် ကန်နှစ်ကန် စုစုပေါင်းဆည်ငယ်၊ ကန်ငယ်ကိုးခုကို ပြန်လည်ပြုပြင်ပေးခဲ့ခြင်းဖြစ်သည်။ မြန်မာ့အလင်းသတင်းအဖွဲ့သည် ပြန်လည်ပြုပြင်ပြီးဖြစ်သည့် ပျော်ဘွယ်မြို့နယ်အတွင်းရှိ လက်ဆည်ကန်နှင့် အေးသာယာရေလွှဲဆည်ငယ်တို့ကို သွားရောက်လေ့လာခဲ့သည်။

အေးသာယာရေလွှဲဆည်သည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ဆားတောင်ကျေးရွာအုပ်စု အေးသာယာကျေးရွာအနီး တည်ရှိသည်။ ပျော်ဘွယ်မြို့နှင့် ၁၂ မိုင် ကွာဝေးသည်။ ယခင်က ဒေသခံကျေးရွာများက ကိုယ့်အားကိုယ်ကိုးကာ သဲအိတ်များချ၍ သစ်ရိုက်သဲဖြည့်ဆည်အဖြစ် ပြုလုပ်ပြီး မြင်းကျချောင်းရေများကို လယ်မြေများဆီသို့ လွှဲယူခဲ့ကြသည်။ မိုးသည်းထန်စွာရွာသွန်းပြီး မြင်းကျချောင်းရေများ တစ်ဟုန်ထိုးစီးဆင်းမှုနှင့် ရေထိန်းတံခါးမရှိခြင်း၊ ရေပေးမြောင်း အားနည်းခြင်းတို့ကြောင့် ရေလွှဲဆည် ကျိုးပေါက်ပျက်စီးကာ တစ်နှစ်လျှင် သုံးလေးကြိမ်ပြုပြင်၍ စိုက်ပျိုးရေကို ခက်ခဲစွာ ရယူစိုက်ပျိုးခဲ့ရသည်။ ယခုအခါ ဆည်မြောင်းဦးစီးဌာနမှ ရေစီးတူးမြောင်းများချဲ့ထွင် တူးဖော်ခြင်း၊ လိုသလိုထိန်းနိုင်ရန် ရေတံခါးတည်ဆောက်ခြင်းနှင့် အခိုင်အမာ ကွန်ကရစ်ရေလွှဲဆည် တည်ဆောက်ပေးခြင်းတို့ကြောင့် ဒေသခံတောင်သူများ ပျော်ရွှင်ဝမ်းမြောက်နေကြပေပြီ။

တည်ဆောက်ရေး တာဝန်ခံဦးစီးအရာရှိ ဦးတလန်ကြားက အေးသာယာရေလွှဲဆည် တည်ဆောက်ထားခြင်းကို ရှင်းပြပြောဆိုရာ "အေးသာယာရေလွှဲဆည်ကို ၂၀-၁၂-၂၀၀၉ရက်တွင် စတင်ပြုပြင်တည်ဆောက်ရာ ၁၈-၃-၂၀၁၀ရက်တွင် ပြီးစီး၍ အချိန်သုံးလခန့်သာ ကြာမြင့်ခဲ့ကြောင်း၊ ရေလွှဲဆည်မှ ရေယိုစိမ့်မှုမရှိစေရန်အတွက် သံမဏိသွပ်ပြားကို ၁၀၀၈ ပေအထိ ရိုက်သွင်းတည်ဆောက်ထားကြောင်း၊ ရေလွှဲဆည်ခိုင်ခံ့မှုရှိစေရန် ကျောက်စီကွန်ကရစ် အကျယ်ပေ ၆၀နှင့် အမြင့်ကိုးပေအထိ တိုးချဲ့တည်ဆောက် ပေးထားကြောင်း၊ ကျေးရွာငါးရွာမှ လယ်မြေဧက ၄၅၀ကို မိုးစပါးအောင်ရေဖြည့်စွက်ရေပေးဝေနိုင်သည့်အပြင် ဒေသစိမ်းလန်းစိုပြည်ရေးကိုပါ အကျိုးဖြစ်ထွန်းစေလျက်ရှိကြောင်း" ဖြင့် ရှင်းပြသည်။

ကန်ပေါင်အလျား ပေ ၃၅၀၀၊ အမြင့် ၁၀ ပေ၊ ကန်ထိပ်မျက်နှာပြင်အကျယ် ၁၂ ပေရှိ လက်ဆည်ကန်၏ ပြန်လည်ပြုပြင်ပြီး တာပေါင်ကြီးကို တွေ့ရစဉ်။

ဝမ်းပန်းတသာ

အေးသာယာကျေးရွာနေ အသက် ၇၇ နှစ်ရှိ တောင်သူဦးချစ်လှနှင့် အသက် ၅၃ နှစ်ရှိ တောင်သူဦးအောင်မြင့်တို့က "နှစ်ဦးပေါင်း လယ် ၁၅ဧက စိုက်ပါတယ်၊ မိုးကောင်းရင်တော့ စပါးငါးဧကလောက်စိုက်ပြီး ကျန်တာကို ကုလားပဲစိုက်တယ်၊ အခုလို ဆည်ရေရရင်တော့ ၁၅ ဧကစလုံး မိုးစပါးအပြည့်စိုက်ပါမယ်၊ စပါးက ရေရမှ စိုက်လို့ရမှာ၊ အရင်က သဲအိတ်တွေချထားပြီး ရေလွှဲဆည်လုပ်ထားတယ်၊ ရေကြီးတော့ပါသွားရော၊ ဆည်လဲကျိုးသွားတယ်၊ အခု ဒီဆည်က အခိုင်အခံ့ဆိုတော့ လယ်သမားတွေ ကံကောင်းတာပေါ့ဗျာ" ဟု ဝမ်းပန်းတသာ ပြောဆိုသည်။

မြန်မာ့အလင်းသတင်းအဖွဲ့သည် အေးသာယာရေလွှဲဆည်မှ လက်ဆည်ကန်သို့ ခရီးဆက်ပြန်သည်။ လက်ဆည်ကန်မှာ ပျော်ဘွယ်မြို့နယ် ယာကြီးကျေးရွာအုပ်စု ရွာသစ်ကလေးကျေးရွာအနီးရှိသည်။ ဒေသခံများက လူအား၊ လက်အားဖြင့် ဆည်သဖွယ်တည်ဆောက်ခဲ့ခြင်းကြောင့် လက်ဆည်ကန်ဟု အမည်တွင်ကြောင်း ဒေသခံများကပြောသည်။ နှစ်ပေါင်း ၁၀၀ကျော်က တည်ဆောက်ထားခြင်းဟု ခန့်မှန်းထားခဲ့သော လက်ဆည်ကန်မှာ မြေသားပေါင်နိမ့်ကျပြီး ကန်ပေါင်ကျိုးပေါက် ပျက်စီးနေမှုကြောင့် ဆည်မြောင်းဦးစီးဌာနမှ ပြန်လည်ပြုပြင်ပေးခဲ့ခြင်းဖြစ်သည်။ ရေပိုလွှဲနှင့် ရေထိန်း၊ ရေပေးတံခါးရှက်များလည်း ပျက်စီးချွတ်ယွင်းနေမှုကြောင့် ကန်ပေါင်အားဖြည့်ကာ ရေပိုလွှဲနှင့်ရေတံခါးရှက်များ ပြန်လည်ပြုပြင်ပေးခဲ့ခြင်းဖြစ်၏။ ကန်ပေါင်အလျားမှာ ပေ ၃၅၀၀ ရှိပြီး ကန်ပေါင်အမြင့်မှာ ၁၀ပေရှိ၍ ကန်ပေါင်ထိပ် မျက်နှာပြင်အကျယ်ကို ၁၂ပေအထိ အခိုင်အခံ့ထုထည်ဖြင့် တည်ဆောက်ပေးထားသည်။ လက်ဆည်ကန်ကြီး ရေလျှံ၍ မကျိုးပေါက်စေရန် ရေပိုလွှဲပြုလုပ်ထားရာ အကျယ် ၂၅ ပေ၊ အလျား ၃၅ ပေရှိ ကျောက်စီပန်းရံ အမျိုးအစား တည်ဆောက်ပေးထားသည်။ အလျားပေ ၅၀ရှိ နှစ်ပေပတ်လည် ကွန်ကရစ်ရေထုတ်ပြွန် တစ်ခုပါဝင်သည်။ ငွေကျပ် ၃၇ ဒသမ ၄၄ သန်းကုန်ကျပြီး အချိန်နှစ်လနှင့် ပြုပြင်ပြီးစီးခဲ့သည်။ လယ်မြေဧက ၄၅၀ အတွက် စိုက်ပျိုးရေနှင့် ကျွဲ၊ နွားသောက်သုံးရေ ပေးဝေလျက်ရှိသည်ဟု သိရသည်။

ပြုပြင်ပေး

ရွာသစ်ကလေး ကျေးရွာသားတောင်သူ ကိုသိန်းစိုးက "လယ် ခုနစ်ဧကရှိပေမယ့် စပါးနည်းနည်းပဲ စိုက်နိုင်ပြီး နှမ်းနဲ့ပဲတီစိမ်းကို ပိုစိုက်နေရတယ်၊ ရေမရလို့လေ။ အခု လက်ဆည်ကန်ကြီး ပြုပြင်ပြီးလို့ ဆည်ရေရရင်တော့ စပါးကို အဓိကထားပြီး စိုက်ပါ့မယ်၊ ပျော်ဘွယ်တစ်မြို့နယ်လုံး ပျက်စီးနေတဲ့ ဆည်ငယ်၊ ကန်ငယ်တွေ ပြုပြင်ပေးလို့ အထူး ကျေးဇူးတင်ပါတယ်" ဟု ကျေးဇူးတင်စကား ကြားသိရသည်။

ဝမ်းမြောက်ပီတိ

နှစ်စဉ် မိုးရေချိန် ပျမ်းမျှ ၃၂ လက်မသာ ရွာသွန်းပြီး မိုးနည်းဒေသဖြစ်သော ပျော်ဘွယ်မြို့တွင် စိုက်ပျိုးရေ၊ သောက်သုံးရေနှင့် ကျွဲ၊ နွား သောက်ရေများပါ ရရှိရေးအတွက် နှစ်ပေါင်းများစွာက ဒေသခံများ တူးဖော်ခဲ့သော ဆည်ငယ်၊ ကန်ငယ်များ ပျက်စီးချွတ်ယွင်းမှုကို ပြန်လည်ပြုပြင် ပြင်ဆင်တူးဖော်ပေးသော နိုင်ငံတော်၏စေတနာကို ပြည်သူအပေါင်းတို့က သိရှိနားလည်ပြီး ကျေနပ်ဝမ်းမြောက်ပီတိဖြစ်နေသည်ကို မြင်တွေ့ခဲ့ရပါကြောင်း သတင်းခရီးတစ်ထောက် အဖြစ် ရေးသားတင်ပြလိုက်ရပါသည်။ ။



အေးသာယာရေလွှဲဆည်လက်ဝဲမြောင်းမကြီးနှင့် ရေလွှဲအဆောက်အအုံကို တွေ့ရစဉ်။

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးဝင်းအတွင်း သန့်ရှင်းသာယာလှပမှုဆောင်ရွက်ထားရှိမှုကို မတ် ၁၈ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ စစ်ဆေးကြစဉ်။ (ဝ၆၆)

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ ပျော်ဘွယ်လမ်း၌ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပန်းအလှပင်များ စိုက်ပျိုးမှုကို ဧပြီ ၁၀ ရက်က အမှုဆောင်အရာရှိ ဦးဝင်းနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပုသိမ်မြို့နယ် လေးမျက်နှာကျေးရွာ ဆိပ်ကြီးချောင်းကူး ကွန်ကရစ်တံတားဆောက်လုပ်ခြင်းလုပ်ငန်းကို ဧပြီ ၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေထက်ရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစတင့်ဝေတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သာစည်မြို့နယ် မကျီးရိုးကျေးလက်မြေသားလမ်း ဖောက်လုပ်နေမှုကို မတ် ၉ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (ဝဝ၂)

ဟိုပန်မြို့နယ် မြို့မဈေးအတွင်း ကုန်စုံဆိုင်များတွင် အိုင်အိုဒင်းဆားများ ပါဝင်မှု စစ်ဆေးခြင်းကို ဧပြီ ၁ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်တင့်နှင့်အတူ ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ရွှေသင်း ဘိုးဘွားရိပ်သာသို့ ပန်ကာနှင့်ရေအေးစက်လှူဒါန်း

ရမည်းသင်း ဧပြီ ၁၈

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရွှေသင်းဘိုးဘွားရိပ်သာသို့ မန္တလေးမြို့နေ ဦးတင်မောင်(ထွန်းသစ္စာ အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်း)-ဒေါ်ယဉ်ယဉ်ဆွေမိသားစုနှင့်ဒေါက်တာကျော်လင်းဦး - ဒေါက်တာဒေါ်ကြည်ကြည်မျိုး(ရောမင်းဆိုင်ကယ်ပစ္စည်းရောင်းဝယ်ရေး)မိသားစုတို့က မျက်နှာကြက်ပန်ကာ ၁၂လုံးနှင့် ရေအေးစက် သုံးလုံးတို့ကို မတ် ၆ရက်က လာရောက်လှူဒါန်းကြရာ ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးရွှေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

လှူဒါန်းနိုင်

ရွှေသင်းဘိုးဘွားရိပ်သာတွင်ဝင်းခြံအုတ်တံတိုင်းများ ကာရံလျက်ရှိရာ လှူဒါန်းလိုသူများသည် တံတိုင်းတစ်ခန်းလျှင် ငွေကျပ် ၄၀၀၀၀နှုန်းဖြင့် ဦးရွှေ ဖုန်း-၀၉-၂၁၇၄၂၃၆၊ဦးစံတင့်(ဘဏ္ဍာရေးမှူး)ဖုန်း-၀၉-၂၁၇၃၆၂၇နှင့်ဦးဝင်းမြင့်(အုပ်ချုပ်ရေးမှူး)ဖုန်း-၀၆၄-၄၀၆၇၀ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်ရေး ဟောပြော

မိုးနဲ ဧပြီ ၁၈

မိုးနဲမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့်ပြည်နယ်ခုခံအားကျဆင်းရောဂါနှင့် ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့တို့ပူးပေါင်း၍ မိခင်နှင့်ကလေးသို့ HIV ကူးစက်မှု တားဆီးကာကွယ်ရေး စီမံချက်အသိပညာပေး ရှင်းလင်းပွဲကို မြို့နယ် ကမ္ဘောဇခန်းမ၌ မတ် ၄ ရက် နံနက် ၈ နာရီခွဲက ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားသည်။

ပညာပေး

ထို့နောက် ပြည်နယ် ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့်ကာလသားရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာခင်မောင်ရီက မိခင်မှကလေးသို့ ရောဂါကူးစက်မှု အခြေအနေများကို ပရိုဂျက်တာများဖြင့် ရှင်းလင်းအသိပညာပေး ဟောပြောခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးလက်မြေသားလမ်း ကန်ပက်လက်၌ ဖွင့်

ကန်ပက်လက် ဧပြီ ၁၈

ကန်ပက်လက်မြို့နယ် မကြေး-ကျောက်ထု ကျေးလက်မြေသားလမ်းလေးမိုင်လမ်းဖွင့်ပွဲကို မတ် ၂၇ ရက်က ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ရွှေနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ဖန်းမောက်မြို့၌ အခြေခံပညာမူလတန်းကျောင်း(ခွဲ)ဖွင့်

ဖန်းမောက် ဧပြီ ၁၈

ကသာခရိုင် ဖန်းမောက်မြို့နယ် ပင်စုံအုပ်စု မံကုန်းကျေးရွာ၌ အခြေခံပညာမူလတန်းကျောင်း(ခွဲ)ဖွင့်ပွဲ အခမ်းအနားကို မတ် ၈ရက် နံနက် ၁၀နာရီက အဆိုပါ ကျောင်းဆိုင်းဘုတ်အရှေ့၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်အုန်းကြည်က ပညာရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

လှူဒါန်း

အခမ်းအနားတွင် အခြေခံပညာမူလတန်းကျောင်း(ခွဲ) ဖွင့်ပွဲအထိမ်းအမှတ် အလံများကိုပေးအပ်ကြပြီး မြို့နယ်ပညာရေးကော်မတီက လှူဒါန်းသည့်ငွေကျပ်တစ်သိန်းကို ကျေးရွာကျောင်းကော်မတီ ဦးချစ်ဆွေက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်း ထွေတလာ

ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း လှိုင်ကော်၌ဟောပြော

လှိုင်ကော် ဧပြီ ၁၈

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး(လှိုင်ကော်)မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲကို မတ် ၂၅ ရက်က လှိုင်ကော် ကွန်ပျူတာတက္ကသိုလ်ခန်းမ၌ကျင်းပရာ ကွန်ပျူတာတက္ကသိုလ် ကျောင်းအုပ်ကြီးဒေါက်တာခင်မေဝင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ယာဉ်ထိန်းတာဝန်ခံ ရဲအုပ်လှိုင်ဦးက စက်ဘီးစီးသူများနှင့်ခြေကျင်လျှောက်သူများ လိုက်နာရမည့်စည်းကမ်းနှင့်ယာဉ်တိုက်ခိုက်မှုဖြစ်ပါက အရေးယူမည့်ဥပဒေများကိုလည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်နန်းစိုးစိုးဟတ်က**(အပေါ်ပုံ)**မော်တော်ဆိုင်ကယ်စီးသူများနှင့်လမ်းအသုံးပြုသူများ လိုက်နာရမည့်စည်းကမ်း၊ ထားရှိရမည့်စိတ်နေသဘောထားများနှင့် အန္တရာယ်ဖြစ်ပွားနိုင်သည့် စည်းကမ်းမဲ့မောင်းနှင်ပုံများကို ပရိုဂျက်တာ ဖြင့်လည်းကောင်း ရှင်းလင်းဟောပြောခဲ့ကြောင်း သိရှိရသည်။

(ပြည်နယ်ဦးစီး)

ရွှေဘို၌ အခြေခံမီးသတ်သင်တန်းဆင်း

ရွှေဘို ဧပြီ ၁၈

ရွှေဘိုမြို့ အမှတ်(၁) ရပ်ကွက် မဟာနန္ဒာခန်းမ၌ မတ် ၇ ရက် ညနေ ၄ နာရီက အကြိုအခြေခံမီးသတ်သင်တန်း (လက်နက်ပါ) အမှတ်စဉ် (၃/၂၀၁၀) သင်တန်းဆင်းပွဲကျင်းပသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မီးသတ်ဦးစီးအရာရှိနှင့် ရပ်မိရပ်ဖဥက္ကဋ္ဌတို့က သင်တန်းဆင်း အမှာစကားပြောကြားပြီး ထူးချွန်သင်တန်းသားများအား ဆုချီးမြှင့်ကာ သင်တန်းဆင်း လက်မှတ်များပေးအပ်သည်။ **(ဝဲပုံ)** ထို့နောက် ရပ်မိရပ်ဖ ဦးရဲအောင်က မီးသတ်တပ်ဖွဲ့ဝင်များအား ဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကြက်မွေးမြူရေးခြံများ ဇီဝလုံခြုံမှု အဆင့်မြှင့်တင်ရေး ဘုတလင်၌ ပညာပေးဟောပြော

ဘုတလင် ဧပြီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသန်းထိုက်သည် မြို့နယ်ဦးစီးမှူးဒေါက်တာဝင်းဗိုလ်နှင့် ဝန်ထမ်းများလိုက်ပါလျက် မတ် ၉ရက် နံနက်က ဘုတလင်မြို့နယ်အတွင်းရှိ ကြက်မွေးမြူရေးခြံသို့ ကွင်းဆင်းပြီး ဇီဝလုံခြုံရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်

ထို့နောက် မြို့နယ်ရုံး၌ ဇီဝလုံခြုံရေးအဆင့်မြှင့်တင်မှု ပညာပေး ဟောပြောပွဲ ကျင်းပပြီး**(ယာပုံ)** ကြက်မွေးမြူရေးခြံပိုင်ရှင်များသို့ ခြံဖျန်းဆေးများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တီဘီရောဂါတိုက်ဖျက်ရေး ယင်းမာပင်၌ အသိပေးရှင်းလင်း

ယင်းမာပင် ဧပြီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ယင်းမာပင်မြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ မတ် ၂၉ ရက် နံနက် ၉နာရီက အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးနှင့် ပတ်သက်၍ အသိပေးရှင်းလင်းပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင့်ဆွေက အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီး ဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့ တိုက်ကျောင်း ပရိယတ္တိစာသင်တိုက် ဓမ္မာရုံ၌ မတ် ၇ ရက်က မြန်မာနိုင်ငံ၏ လက်ရှိ ရာသီဥတု ပြောင်းလဲမှု အခြေအနေနှင့် စပ်လျဉ်း၍ မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင် ဟောပြောစဉ်။ (မြို့နယ်ပြန်/ဆက်)

20-4 (16).pmd 1 4/20/2011, 1:58 AM

ရိုးလုံရွှေဆိုင်ကြီး နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ရိုးလုံရွှေဆိုင် အမှတ် (၁)၊ (၂)၊ ချမ်းလုံရွှေဆိုင်နှင့် ချွန်းလုံရွှေဆိုင် မိသားစု လေးဆိုင်စလုံးတွင် လက်လီလက်ကား ဝယ်ယူအားပေးကြသော နယ်ကိုယ်စားလှယ်ကြီးများ၊ နယ်ရွှေဆိုင်ကြီးများနှင့် မိတ်ဆွေမိတ်သင်္ဂဟများအား နှစ်သစ်မင်္ဂလာ အပေါင်းနှင့် ပျော်ရွှင်ချမ်း မြေ့ကြပါစေကြောင်း ရိုးလုံမိသားစုရွှေဆိုင် (၄)ဆိုင်စလုံးမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ Ph-01-297873,09-8025087,09-8023374,200747(Ext)2008

ဦးလှဝေ+ဒေါ်ခင်မြင့်လွင် ရိုးလုံရွှေဆိုင်ကြီး (ယုဇနပလာဇာ)

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မာန်ပြေ၊ မြေကွက်အမှတ် ၈၅၄/က၊ မြေကွက်တည်နေရာအမှတ် ၈၅၄/က၊ မာန်ပြေ ၁၆ လမ်း၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတ ဒေါ်တင်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် မိခင်ဒေါ်တင်နှင့် ဖခင် ဦးပါအိုတို့ကွယ်လွန်သဖြင့် ဒေါ်ညွန့်ကြည်(ခ)ဒေါ်ညွန့်ညွန့်၊ ၁၂/သကတ(နိုင်) ၀၃၀၈၁၀ က တစ်ဦးတည်းသောသမီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ မိခင်သေစာရင်းနှင့် ဖခင်သေဆုံးကြောင်း တိုင်းကျန်းမာရေးဦးစီးဌာနမြန်စာ၊ ရပ်ကွက်နှင့်မြို့နယ်ထောက်ခံစာများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းစာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။



အမည်မှန်

သာစည်မြို့၊ အမှတ်(၇)ရပ်ကွက်နေ ဦးမောင်ဝင်း ၉/သစန(နိုင်)၀၉၃၁၆၃၈၏ သား မောင်မျိုးခန့်သူ၏ အမည်မှန်မှာ မောင်မင်းခန့်သူကျော် ဖြစ်ပါကြောင်း။

မောင်မင်းခန့်သူကျော်။

မီးသုံးစွဲလျှင် သတိယှဉ် ဆင်ခြင်သတိ အမြဲရှိ

ကချင်ပြည်နယ် မိုးညှင်းခရိုင် အုပ်ချုပ်ရေးမှူးရုံးက ကျင်းပသော ၁၃၇၂ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲကို ဧပြီ ၁၃ ရက်က မိုးညှင်းမြို့ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်လှိုင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် သင်္ကြန်မေပျိုလေးများက ရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်စဉ်။ (၀၆၃)

ကမ္ဘာ့ကျန်းမာရေးနေ့အခမ်းအနား မြစ်ကြီးနားမြို့၌ ကျင်းပ

မြစ်ကြီးနား ဧပြီ ၁၈

၂၀၁၁ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့အခမ်းအနားကို ဧပြီ ၇ ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ၂၀၁၁ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အခမ်းအနားသို့ ပေးပို့လာသည့် သဝဏ်လွှာကို ကချင်ပြည်နယ် အစိုးရအဖွဲ့ ကျန်းမာရေးဝန်ကြီးဌာန ပြည်နယ်ကျန်းမာရေးဝန်ကြီး ဒေါက်တာဦးခင်မောင်ထွန်းက ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။

(ပြည်နယ် ပြန်/ ဆက်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများကျင်းပ

မိတ္ထီလာ ဧပြီ ၁၈

မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ရဲတပ်ဖွဲ့ဝင်များ၊ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနနှင့် မော်တော်ယာဉ် စည်းကမ်းထိန်းသိမ်းရေးကော်မတီတို့ ပါဝင်သော ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်များက မိတ္ထီလာမြို့ပေါ်၌ ယာဉ်တိုက်မှုလျော့ပါးကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလိုက်နာရေးအတွက် မိတ္ထီလာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ အာကာသလေကြောင်း သိပ္ပံတက္ကသိုလ်များတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများ ကျင်းပခဲ့ကြသည်။

ပညာပေးဟောပြော

မိတ္ထီလာမြို့ ပညာရေးကောလိပ်တွင် မတ် ၂၃ ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ ကျင်းပရာ မိတ္ထီလာမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မောင်မောင်သော်၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေး တာဝန်ခံ ဒုရဲအုပ် သက်နိုင်ဦးတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောကြသည်။ (၀၁၂)

အိမ်တွင်းမှုသက်မွေးသင်တန်းများဆင်းပွဲ ရေစကြိုမြို့နယ်၌ကျင်းပ

ရေစကြို ဧပြီ ၁၈

ရေစကြိုမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာ လုပ်ငန်းသင်တန်းကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁၃)၊ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၆) သင်တန်းဆင်းပွဲ အခမ်းအနားကို အဆိုပါသင်တန်းကျောင်းခန်းမ၌ မတ် ၂၅ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုးက အမှာစကားပြောကြားသည်။

ပေးအပ်

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ် (၁၃)မှ ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ပေးပြီး တာဝန်ရှိသူတစ်ဦးက သင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

မျိုးဆက်သစ်ဘောလုံးပြိုင်ပွဲ ပြင်ဦးလွင်၌ကျင်းပ

ပြင်ဦးလွင် ဧပြီ ၁၈

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် သမိုင်းဝင် မဟာရွှေမြင်တင်ဘုရားကြီး ဂေါပကအဖွဲ့က ကြီးမှူး၍ မျိုးဆက်သစ် ဘောလုံးကစားသမားကောင်းများ ပေါ်ထွန်းလာရေးအတွက် ရည်ရွယ်ပြီး ဘောလုံးပြိုင်ပွဲ ကျင်းပရာ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ဘောလုံးအသင်း ၃၀ ပါဝင်ယှဉ်ပြိုင် ကစားခဲ့ကြသည်။ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဖေဖော်ဝါရီ ၁၉ ရက်က မဟာရွှေမြင်တင် အားကစားကွင်း၌ ဧည့်ဝတီ ဘောလုံးအသင်းနှင့် တိုက်ဂါးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဧည့်ဝတီဘောလုံးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

ချီးမြှင့်

ဆက်လက်ပြီး ဆုချီးမြှင့် ပေးအပ်ရာ ဒုတိယဆုရရှိသွားသော တိုက်ဂါးဘောလုံးအသင်းအား တစ်ဦးချင်းဆုများကို ဘောလုံးကော်မတီအဖွဲ့ ဒိုင်လူကြီး ဦးခင်မောင်သိန်းကလည်းကောင်း၊ ငွေသားကျပ် ငါးသောင်းနှင့် ဒိုင်းဆုအား ဘုရားကြီး ဂေါပကအတွင်းရေးမှူးဦးစံသိန်းကလည်းကောင်း၊ ပထမဆုရရှိသွားသော ဧည့်ဝတီ ဘောလုံးအသင်းအား တစ်ဦးချင်းဆုများကို ပြင်ဦးလွင်ခရိုင် အားကစားအရာရှိ ဦးမြင့်ဋ္ဌေးကလည်းကောင်း၊ ငွေသားကျပ် တစ်သိန်းကို ဘုရားကြီး ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သန်းကလည်းကောင်း၊ ဆင့်ပွားဒိုင်းဆုကြီးကို ဘုရားကြီးဂေါပကအဖွဲ့ ဘောလုံးပြိုင်ပွဲကော်မတီ ဥက္ကဋ္ဌ ဦးမြင့်အောင်တို့ကလည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၃၂)

မီးမှန်သမျှ
သုံးတတ်က
မချမ်းမီးဘေး
စဉ်ကင်းဝေး

မြောက်ဥက္ကလာပမြို့နယ်နေ ဦးသောင်း-ဒေါ်ခင်သန်းရီတို့အား ရည်စူး၍ မုဒုံမြို့ ဘုရားလေးဆူရပ်နေ ဦးစံခင်-ဒေါ်ထွေးရီတို့အား အမှူးထားပြီး ရန်ကုန်မြို့နေ ဦးမင်းဆွေမြင့်-ဒေါ်ဆွေဆွေမြင့်၊ သမီးကြီး မမင်းဝါဝါသဲဆွေ၊ သမီးငယ် မဆုမြတ်သဉ္ဇာဆွေ မိသားစုက မုဒုံမြို့ ဆံတော်ရှင်ကန်ကြီးစေတီတော်မြတ်ကြီး၏ အင်္ဂါနံထောင့်တွင် တည်ထားကိုးကွယ်မည့် လာဘမုနိ ဗုဒ္ဓရုပ်ပွားတော်နှင့် သက်ဆိုင်သော မှတ်တမ်းများကို မတ် ၉ ရက်က ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးပါလေး ရဲမှူးကြီး(ငြိမ်း)နှင့် အတွင်းရေးမှူး ဦးရွှေသိန်းတို့ထံ လွှဲပြောင်းပေးအပ်လှူဒါန်းစဉ်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ်သတင်း ထွေတလာ

ကြို့ပင်ကောက်မြို့ မြောက်ရွာမရပ်ကွက်၌ မတ် ၁၈ ရက်က မူခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ကြိုင်က မူခင်းကျဆင်းရေးနှင့် ပတ်သက်၍ ရပ်ကွက်ရှိပြည်သူများအား ဟောပြောစဉ်။ (၁၈၁)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ရမည်းသင်းမြို့နယ် အင်းကုန်းကျေးရွာနေ ကိုမင်းသိန်း၏ စပျစ်ခြံ တစ်ခြံလုံး စပျစ်ခိုင်များဖြင့် ပြွတ်သိပ်သီးမှည့်နေသည်ကို တွေ့ရစဉ်။

မြို့ရမည်းသင်း၌ စပျစ်များ ထိုးချဲ့စိုက်ပျိုး ဒေသခံတောင်သူများ ဝင်ငွေရှာဖွေ

➤ သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - သတင်းထောက်ညွန့်ရွှေ ➤

ရမည်းသင်း ဧပြီ ၁၉

လမ်း၊ တံတားတို့၏ ကျေးဇူးကား အမှန်ပင် တန်ဖိုးကြီးမားလှသည်။ အထူးသဖြင့် ခရိုင်ချင်းဆက်လမ်းများ၊ ကျေးလက်လမ်းများသည် ဒေသခံတောင်သူများအတွက် အမှန်ပင် အကျိုးများလှ၏။

ဈေးကွက်အရောက်

စိုက်ပျိုးသီးနှံများကို ကျေးလက်ဒေသများတွင် အများဆုံးစိုက်ပျိုးကြရာ ထွက်ရှိသောသီးနှံများ ဈေးကွက်အရောက် အချိန်မီ သယ်ပို့နိုင်မှသာ စားသုံးသူများထံ လျင်မြန်လွယ်ကူစွာ ရောက်ရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လယ်ယာခွင်မှသည် ဈေးကွက်အရောက် ခရီးပေါက်နိုင်ရန်ကား ခရိုင်ချင်းဆက်လမ်း၊ ကျေးလက်လမ်းများသည် များစွာမှပင် အသုံးဝင်လှသည်။

ယခုအခါ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၏ အကျိုးတရားများကို ကျေးလက်နေတောင်သူများ လက်တွေ့ခံစားနေကြရပြီ။ စာရေးသူသည် စပျစ်လုပ်ငန်းဖြင့် အောင်မြင်ဖြစ်ထွန်းမှုများကို သိရှိနိုင်ရန် မတ် ၃၁ ရက်က ရမည်းသင်းမြို့နယ် အင်းကုန်းကျေးရွာအုပ်စုနှင့် အလယ်ကုန်းကျေးရွာအုပ်စုရှိ စပျစ်စိုက်တောင်သူအချို့နှင့် တွေ့ဆုံခဲ့သည်။ ကျေးလက်လမ်းမှတစ်ဆင့် ဆိုင်ကယ်တစ်စီးဖြင့် သွားရောက်ခဲ့ခြင်းဖြစ်သည်။ စပျစ်စိုက်ခင်းတွင် တောင်သူအချို့နှင့်တွေ့ဆုံ၍ သိလိုသည်များမေးမြန်းခြင်း၊ သတင်းရယူခြင်း၊ ဓာတ်ပုံရိုက်ယူခြင်းများကို ဆောင်ရွက်ခဲ့သည်။ ရှေးဦးစွာ အင်းကုန်းကျေးရွာနေသူ ဦးကျော်အုံးအား တွေ့ဆုံခဲ့ရာ ဦးကျော်အုံးက စပျစ်ခြံသစ်ကို အလုပ်သမား ၁၀ ယောက်ဖြင့် စင်ဆောက်ခြင်း၊ *စာမျက်နှာ ၇ ကော်လံ ၁ သို့* ●

မြန်မာ့အလင်း

ယနေ့ ဖတ်စရာ၊ မှတ်စရာ

ပြည်ပသို့ သွားရောက်ပညာဆည်းပူးသည့် တရုတ်ကျောင်းသားဦးရေ ကမ္ဘာပေါ်တွင် အများဆုံးဖြစ်။ (စာ - ၄)

အကြိမ် (၃၀) မြောက်ဟောင်ကောင် ရုပ်ရှင်ထူးချွန်ဆုပေးပွဲ၌ အကောင်းဆုံး အမျိုးသား ရုပ်ရှင်သရုပ်ဆောင် ဆုရသူ နီကိုလတ်တီဆေး။ (စာ - ၁၁)

ဒဗလျူဘီအေချန်ပီယံလက်ဝှေ့ပွဲ အမီရာခန်း ဒိုင်ပွဲရပ်ဖြင့် အနိုင်ရ။ (စာ - ၁၂)